# ရတနာပုံ


yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လဆန်း (၁၀) ရက် ၊ စနေနေ့ ၊ (3-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၁၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်

## စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၂**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သိုးရိပ်ချိမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်မိုးအောင်နှင့်ဇနီး၊ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**






ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်
အယ်ဒီတာ့အာဘော်

# အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

ဒီဇင်ဘာ ၃ ရက်(ယနေ့)သည် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းသူများဟူ၍ ခေါ်ဝေါ်သတ်မှတ်ခြင်းခံရသူများအတွက် ကမ္ဘာတစ်ဝန်း အသိအမှတ်ပြု ကျင်းပခြင်းဖြစ်သည်။ မသန်စွမ်းသူများလည်း အများပြည်သူနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိရေး၊ မသန်စွမ်းသူတို့၏ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးဂရုပြုမိစေရန် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တစ်ချိန်က မသန်စွမ်းသူများအပေါ် မသိနားမလည်ခြင်း၊ လျစ်လျူရှုခြင်း၊ ကြောက်ရွံ့စိုးရိမ်ခြင်း စသည်တို့ကြောင့် မသန်စွမ်းသူများသည် လူ့အသိုက်အဝန်း၏ ဖယ်ကြဉ်ခံရခြင်းနှင့် ခွဲခြားဆက်ဆံခံရခြင်း သံသရာမှ ရုန်းမထွက်သာဘဲ ဆင်းရဲပင်ပန်းခဲ့ကြသည်။ သို့ရာတွင် ၂၀ ရာစုနှောင်းပိုင်းမှစ၍ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးဆိုင်ရာလှုပ်ရှားမှုများ စတင်ပေါ်ပေါက်လာသည်။ ဤသို့ဖြင့် မသန်စွမ်းသူတို့အပေါ် ယခင်ကထားရှိခဲ့ကြသော နားလည်မှုအမြင်နှင့် သဘောထားခံယူချက်တို့ တဖြည်းဖြည်းပြောင်းလဲလာပြီး မသန်စွမ်းသူများ၏ အခွင့်အရေးကိစ္စသည် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အထူးအာရုံစိုက်ရသောကိစ္စတစ်ခုဖြစ်လာသည်။

ထို့ကြောင့် ၁၉၇၉ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၈၁ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနှစ်"သတ်မှတ်ကြေညာပေးခဲ့သည်။ ၁၉၈၁ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနှစ်မှ ပေါက်ဖွားလာသော အကျိုးဆက်တစ်ရပ်မှာ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ဆုံးဖြတ်ချက်အမှတ် (၃၇/၅၂) ဖြင့် မသန်စွမ်းသူများနှင့်ပတ်သက်သည့် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ချမှတ်ပေးခဲ့သည်။ အဆိုပါလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၁၉၈၃ ခုနှစ်မှ ၁၉၉၂ ခုနှစ်ထိ ၁၀ နှစ်တာကာလကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ မသန်စွမ်းသူများဆိုင်ရာဆယ်စုနှစ်အဖြစ် သတ်မှတ်ပေးခဲ့သည်။ ကုလသမဂ္ဂမသန်စွမ်းသူများဆိုင်ရာဆယ်စုနှစ်အကုန် ၁၉၉၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသော (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက်အမှတ် (၄၇/၃) ဖြင့် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို "အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့"ဟု သတ်မှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ မသန်စွမ်းသူများ၏ အခွင့်အရေးများကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း၍ အစဉ်တစိုက်ဆောင်ရွက်ပေးနေသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် "မသန်စွမ်းသူဖေးမကူ၊ ပြည်သူတိုင်းကကူညီကြ" ဟူသောဆောင်ပုဒ်ဖြင့် ၁၉၉၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ လှုပ်ရှားမှုများကအစပြု၍ နှစ်စဉ် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ယခု ၂၀၂၂ ခုနှစ်တွင် ၂၈ နှစ်ရှိလာခဲ့ပြီဖြစ်သည်။ မသန်စွမ်းသူများ လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်များ ညီမျှစွာ အပြည့်အဝရရှိရေးကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်ရန်၊ သေချာစေရန်နှင့် မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိစေရန်ရည်ရွယ်၍ ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းကိုလည်း သတ်မှတ်ပြဋ္ဌာန်းခဲ့ပေသည်။

သို့ဖြစ်ရာ မသန်စွမ်းသူများကို မသန်စွမ်းသော်လည်း စွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များအဖြစ်သို့ ရောက်ရှိလာနိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဖေးမပံ့ပိုးရန်နှင့် တန်းတူအခွင့်အရေးများပေးကာ ထက်မြက်သောစိတ်ဓာတ်ပိုင်ရှင်များအဖြစ် ရောက်ရှိအောင် မြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း ရေဦးဘက်မှထွက်ရှိသည့်ပဲပုပ်(ဗမာ)များ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေး ဈေးကွက်အတွင်း ရေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)များ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေး ဈေးကွက်အတွင်း ရေဦးဘက်မှ ထွက်ရှိသည့် ပဲပုပ်(ဗမာ)များ ကုန်ပစ္စည်းလက်ကျန်နည်းပါးလာခြင်းကြောင့် ဈေးနှုန်းများအတက်ဘက်သို့ ရောက်ရှိလာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ရေဦးဘက်ကထွက်တဲ့ ပဲပုပ်(ဗမာ)ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေတယ်။ ပြည်ပက မှာယူမှုကတော့ တော်တော်လေးနည်းတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)ဈေးနှုန်းမှာ နိုဝင်ဘာလ နောက်ဆုံးပတ်က ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ခန့်သာရှိခဲ့သော်လည်း ဒီဇင်ဘာ ၁ ရက်ပေါက်ဈေးအရ ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့်ပဲပုပ်(ရှမ်း) အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်လျက်ရှိပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ ထိပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# ပွင့်လင်းရာသီကာလ တောင်သမန်တံတားနှင့် အင်းသို့ ပြည်ပခရီးသွားများ စတင်ဝင်ရောက်လာ



**မန္တလေး ဒီဇင်ဘာ ၂**

ပွင့်လင်းရာသီကာလ တောင်သမန်တံတားနှင့် အင်းသို့ ပြည်ပခရီးသွားများ စတင်ဝင်ရောက်လာကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် တောင်သမန်တံတားနှင့် တောင်သမန်အင်းမှာ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ စိတ်ဝင်တစား လည်ပတ်ကြသည့် နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့် အင်းသို့ ယခုလက်ရှိ ပွင့်လင်းရာသီကာလတွင် ပြည်ပခရီးသွားများ စတင်ဝင်ရောက်လည်ပတ်လျက်ရှိပြီး ဒီဇင်ဘာ ၁ ရက်မှစ၍ တရုတ်နိုင်ငံနှင့်ကိုရီးယားနိုင်ငံတို့မှ ခရီးသွားများ တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်ထိ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ ဒီဇင်ဘာလက စပြီးတော့ ပြည်ပနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ကိုရီးယား စတဲ့နိုင်ငံတွေက ခရီးသွားတွေ တောင်သမန်တံတားနဲ့အင်းကိုလာပြီး လည်ပတ်နေကြတယ်။ အခုက ခရီးသွားရာသီကာလဖြစ်တာကြောင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေ ပြန်ပြီးများလာပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့် အင်းသို့ နိုဝင်ဘာလ နောက်ဆုံးပတ်က ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားမှာ တစ်ရက်လျှင် ဦးရေ ၁၅၀ ကျော်သာ ရှိခဲ့သော်လည်း ဒီဇင်ဘာ ၁ ရက်မှစ၍ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားမှာ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်ထိ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ၄က်လှေများဖြင့်ကြည့်ရှုနိုင်ရန် ၄က်လှေ အစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း အရောင်း၊ အဝယ်၊ အငှားများကို အွန်လိုင်းတင်၍ ပြုလုပ်လာခြင်းကြောင့် အရောင်းအဝယ်ဖြစ်မှုနှင့် ငှားရမ်းမှုများ မြင့်တက်လာသည်ဟုဆိုနိုင်သော်လည်း ဈေးကွက်တစ်ခုလုံးအနေဖြင့် အရောင်းအဝယ် အေးနေဆဲပင်ဖြစ်ကြောင်း အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိတွင် အရောင်းအဝယ်ပိုင်းထက် အငှားဈေးကွက် ပို၍သွက်နေကြောင်း၊ ငှားရမ်းမှုများတွင် နေရာ၊ အကျယ်အဝန်းနှင့် အကွက်အကွင်း ကောင်းသည့်အပေါ်မူတည်၍ တစ်လလျှင် ငွေကျပ် တစ်သိန်းငါးသောင်းမှ ၁၀ သိန်းနှင့်အထက်ထိ ဈေးရှိပြီး တစ်လလျှင် ငွေကျပ်တစ်သိန်းငါးသောင်းမှ သုံးသိန်းခန့်ရှိ လူနေဆိုင်ခန်းများနှင့် လူနေသီးသန့်များအတွက် ငွေကျပ် ခုနစ်သောင်းမှ တစ်သိန်းငါးသောင်းခန့် ဈေးတန်းများ ငှားရမ်းမှု ပို၍များကြောင်း သိရသည်။

''မြေဈေးကွက်အနေအထားကတော့ အကျိုးဆောင်လုပ်ငန်းတွေ တော်တော်များများက အွန်လိုင်းတင်ပြီး အလုပ်လုပ်လာကြတာ များလာတယ်။ အရောင်းအဝယ်ပြန်ဖြစ်လာတယ်လို့ ပြောရမှာပေါ့။ အဲဒီလို အရောင်းအဝယ်ဖြစ်နေပေမဲ့ လဲအရင်လို ခေါ်ဈေးအတိုင်းရနေတာမျိုးတော့ မဟုတ်ပါဘူး။ ဈေးကွက်တစ်ခုလုံးအနေနဲ့ကတော့အရောင်းအဝယ်အေးနေဆဲပဲလို့ ပြောရမှာပါ''ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ဈေးကွက်တစ်ခုလုံးအနေဖြင့် အရောင်းအဝယ် အေးနေဆဲဖြစ်သော်လည်း အကွက်ရိုက်ရောင်းချမှုများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး အမှန်တကယ်နေထိုင်လိုသူများ အများဆုံးဝယ်ယူမှုရှိကြောင်း၊ အရောင်းအဝယ် ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များတွင် ပေ (၂၀×၄၀) ၊ ပေ (၃၀×၄၀)၊ ပေ (၄၀×၄၀)အကျယ် မြေကွက်များကို အခြေခံလူတန်းစားများ ဝယ်ယူမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့်ပုသိမ်ကြီးမြို့နယ်ရှိကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့်ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက် ဈေးရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာစို့။

# အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေး

ယခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့၏ ဆောင်ပုဒ်မှာ "အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင်အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေး" "Transformative solutions for inclusive development: The role of innovation in fuelling an accessible and equitable world"ဖြစ်သည်။ ဆောင်ပုဒ်သည် မသန်စွမ်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကမ္ဘာကြီးတွင်ရှိသော လူသားများအားလုံးပါဝင်ကာ ဆန်းသစ်တီထွင်မှုများကိုပြုလုပ်ပြီး မသန်စွမ်းများအတွက် အားလုံးလက်လှမ်းမီညီမျှရေး တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ကျော်လွှားဆောင်ရွက်ရေးပင်ဖြစ်သည်။ ဆောင်ပုဒ်တွင်ပါသော တီထွင်ဖန်တီးမှုဆိုရာတွင် ကွဲပြားခြားနားသောအချက် သုံးချက်ပေါ် မူတည်နေသည်ဟုဆိုသည်။

အဆိုပါအချက် သုံးချက်မှာ ပထမအချက်အနေဖြင့် မသန်စွမ်းအလုပ်သမားများ ခန့်အပ်ရေးနှင့် ဆက်နွှယ်နေပြီး ဗဟုသုတပြည့်စုံမှုနှင့် လုပ်ငန်းကျွမ်းကျင်မှုတို့သည် အကဲဖြတ်ရာတွင် လိုအပ်လျက်ရှိနေသည်။ ယခုတီထွင်မှုအရ လျင်မြန်စွာချိုးကွေ့ပြောင်းလဲသွားပြီး အလုပ်နေရာအတွင်း ခေတ်ရေစီးနှင့်အညီ အလုပ်ခန့်ထားရေးအကဲဖြတ်ရာတွင် စက်မှုနည်းပညာနှင့်ပတ်သက်ပြီး မည်မျှတိုးတက်စွာ ကိုင်တွယ်နိုင်သည့်ပေါ်တွင် မူတည်နေသည်။ ဒုတိယအချက်အနေဖြင့် ဆွေးနွေးရလျှင် တီထွင်မှုနှင့်ပတ်သက်၍ လေ့ကျင့်ရေးကိရိယာများနှင့် ကောင်းမွန်စွာလေ့ကျင့်နိုင်ပြီး တရားသဖြင့်တိုးတက်လာသည်ကို လူထုရော ပုဂ္ဂလိကအခန်းကဏ္ဍကပါ မသန်စွမ်းများ အလုပ်ခွင်အမျိုးမျိုးတွင် ပါဝင်မှု တိုးတက်လာခြင်းကို စိတ်ဝင်တစားရှိနေရမည်။ တတိယအချက်အနေဖြင့် မသန်စွမ်းများပါဝင်မှုတွင် တိုးတက်မှုရှိစေသော တီထွင်မှုတစ်မျိုးမှာ အားကစားကို စံပြဖြစ်အောင်၊ ထူးချွန်အောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။ အားကစားကဏ္ဍတွင် ထူးချွန်အောင်ကစားခြင်းဖြင့် နေရာတစ်ခုတွင် ဥပမာအားဖြင့် အလုပ်ခန့်ထားနိုင်သည်။

**မသန်စွမ်း**

ယနေ့ ကမ္ဘာကြီးတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြုံတွေ့နေရသည့်အတွက် ထိခိုက်ဒဏ်ရာရသူများ၊ လူအဖွဲ့အစည်းများကြား ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ တိုက်ခိုက်မှုများ၊ ဖောက်ခွဲဖျက်ဆီးမှုများကြောင့် သေဆုံးသူ တစ်ဦးရှိတိုင်း ငါးဦးခန့် ထိခိုက်ဒဏ်ရာရရှိလျက်ရှိသည့်အပြင် မွေးဖွားလာကတည်းက ဆွံ့အ၊ နားမကြား၊ ခြေလက်အင်္ဂါမပြည့်စုံခြင်းနှင့် ဉာဏ်ရည်မပြည့်မီသူများလည်း ရှိနေကြောင်း တွေ့ရှိရသည်။ ယနေ့ကမ္ဘာပေါ်တွင် မသန်စွမ်းဖြစ်မှု ရာခိုင်နှုန်းသည်လည်း ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်ထိ မြင့်တက်လာသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ထုတ်ပြန်သည့်စာရင်းများအရ သိရှိရသည်။

ယခုနှစ် ကမ္ဘာ့လူဦးရေခန့်မှန်းစာရင်းအရ သန်းပေါင်း ၇၇၀၀တွင် မသန်စွမ်းသူအရေအတွက်သည် လူဦးရေသန်းပေါင်း ၁၀၀၀ ကျော် ပမာဏရှိသောကြောင့် အထူးဂရုပြုရမည့်ပမာဏဖြစ်လာနေပြီး လူဦးရေ၏ရာခိုင်နှုန်းအားဖြင့် ၁၄ ဒသမ ၉၉ ရာခိုင်နှုန်းခန့်ရှိနေပြီဖြစ်သည်။ ကမ္ဘာကြီးတွင် မသန်စွမ်းသူများ၏အရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပိုမိုအလေးထားရန် လိုအပ်လာသည့်အခြေအနေရောက်ရှိနေသည်။ မသန်စွမ်းသူများအနေဖြင့် ကိုယ်အင်္ဂါမသန်စွမ်း၊ အမြင်အာရုံမသန်စွမ်း၊ အကြားအာရုံမသန်စွမ်းနှင့် ဉာဏ်ရည်မသန်စွမ်းတို့ဖြင့် ခွဲခြားထားကြောင်း သိရှိရသည်။ မသန်စွမ်းသူများအခွင့်အရေးဥပဒေတွင် မသန်စွမ်းသူများဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကို ဆိုလိုသည်။

❖ မွေးရာပါချို့ယွင်းမှုကြောင့်သော်လည်းကောင်း၊ မတော်တဆထိခိုက်မှုကြောင့်သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ကာယဆိုင်ရာ ခန္ဓာကိုယ်အစိတ်အပိုင်းများ ချို့တဲ့အားနည်းခြင်း၊ ပျက်စီးဆုံးရှုံးခြင်းများဖြင့် ဘဝကိုအရှုံးမပေးဘဲ ရပ်တည်နေကြသော မသန်သော်လည်း စွမ်းကြသည့် မသန်စွမ်းများ၏ဘဝကို စာနာထောက်ထားအားပေးမြှင့်တင်ပေးလိုသောကြောင့် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်က မသန်စွမ်းသူများကို ကူညီစောင့်ရှောက်ပေးနိုင်ရန် လှုံ့ဆော်ချက်အနေဖြင့် ၁၉၈၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ ❖

မသန်စွမ်းမှုဆိုသည်မှာ ပတ်ဝန်းကျင်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝပါဝင်လှုပ်ရှားနိုင်မှုမရှိခြင်းကို ဆိုသည်ဟု ဖွင့်ဆိုထားသည်။

**ကုလသမဂ္ဂ**

သို့ဖြစ်၍ မွေးရာပါချို့ယွင်းမှုကြောင့်သော်လည်းကောင်း၊ မတော်တဆထိခိုက်မှုကြောင့်သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ကာယဆိုင်ရာ ခန္ဓာကိုယ်အစိတ်အပိုင်းများ ချို့တဲ့အားနည်းခြင်း၊ ပျက်စီးဆုံးရှုံးခြင်းများဖြင့် ဘဝကိုအရှုံးမပေးဘဲ ရပ်တည်နေကြသော မသန်သော်လည်း စွမ်းကြသည့် မသန်စွမ်းများ၏ဘဝကို စာနာထောက်ထားအားပေးမြှင့်တင်ပေးလိုသောကြောင့် ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်က မသန်စွမ်းသူများကို ကူညီစောင့်ရှောက်ပေးနိုင်ရန် လှုံ့ဆော်ချက်အနေဖြင့် ၁၉၈၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနှစ်အဖြစ် သတ်မှတ်ခဲ့သည်။

ထို့ပြင် ၁၉၈၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်ထိကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ ဆယ်စုနှစ်အဖြစ် ဆက်လက်သတ်မှတ်ခဲ့သည်။ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UN-ESCAP)က မသန်စွမ်းသူများဆိုင်ရာ အရေးကိစ္စများကို ဒေသတွင်းပူးပေါင်းဆောင်ရွက်ရန်နှင့်အထောက်အကူပေးရန် တွန်းအားပေးသည့် မသန်စွမ်းသူများ အပြည့်အဝပါဝင်ခွင့်ရရှိရေးနှင့် အခွင့်အရေးတန်းတူညီမျှရေးကို အထူးအလေးပေးသည့် အာရှပစိဖိတ်မသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ်(၁၉၉၃-၂၀၀၂) ကိုလည်းကောင်း၊ ဒုတိယဆယ်စုနှစ် (၂၀၀၃-၂၀၁၂) ကိုလည်းကောင်း ချမှတ်ဆောင်ရွက်ခဲ့သည်။ ထပ်မံတိုးချဲ့ဆောင်ရွက်ခဲ့သည့် (၂၀၀၃-၂၀၁၂) ဆယ်စုနှစ်အတွင်း လုပ်ငန်းစဉ်အသစ်များကို စတင်ဆောင်ရွက်မှုများရှိခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက မသန်စွမ်းသူများကို စာနာထောက်ထားရေး၊ စိတ်ဓာတ်မြှင့်တင်ပေးရေး၊ ဂုဏ်သိက္ခာမြှင့်တင်ပေးရေးနှင့် လူစွမ်းအားအရင်းအမြစ်များ ထွက်ပေါ်လာစေရေးတို့အတွက် ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းနေ့ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့ရောက်တိုင်း မသန်စွမ်းသူများအရေးကို သတိရရမည်မဟုတ်ဘဲ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ဆောင်ရွက်သွားနိုင်ရန် ဆောင်ပုဒ်များထုတ်ပြန်ခြင်း၊ အထိမ်းအမှတ်များပြုလုပ်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြသည်။ အထိမ်းအမှတ်ပြုရာတွင်လည်း မသန်စွမ်းသူများကိုလျှဒါန်းခြင်း၊ ခွဲခြားဆက်ဆံလိုသည့်စိတ်ကို ဖြည့်တင်းခြင်း၊ ဗီးချဲလမ်း အစရှိသည့် မသန်စွမ်းသုံးအထောက်အကူပြုပစ္စည်းများ တိုးတက်ရေးဆောင်ရွက်ခြင်း စသည်ဖြင့် အားပေးကူညီသင့်သည်။

လူ့ဘောင်အသိုက်အဝန်းအတွင်း တန်းတူရည်တူပါဝင်ခွင့်ရရှိနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ခွဲခြားဆက်ဆံမှုများ လျော့နည်းပပျောက်စေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးပန်းတိုင်(Sustainable Development Goals -SDGS)သို့ အရောက်လှမ်းနိုင်မည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါအလွန်ကာလတွင် မသန်စွမ်းသူများအနေဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာတည်ဆောက်ရန်အတွက် အတားအဆီးကင်းသော လုပ်ငန်း၊ နေရာ၊ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးပြီး ခေတ်မီနည်းပညာများ လက်လှမ်းမီအသုံးပြုနိုင်အောင် ကူညီဆောင်ရွက်ပေးကြရမည်။ နေ့စဉ်နှင့်အမျှ အံ့မခန်းတိုးတက်နေသည့် အတတ်ပညာနှင့် ခေတ်မီနည်းပညာများကို မသန်စွမ်းသူများ၏ ဘဝစဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများရရှိနိုင်မည်ဖြစ်သည်။

**အာဆီယံ**

မသန်စွမ်းသူများ လက်လှမ်းမီပါဝင်ရေးအထွေထွေရွေးကောက်ပွဲကွန်ရက် (AGENDA) အဖွဲ့က ဦးဆောင်ပြီး မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အာဆီယံအထောက်အကူပြုဘက်စုံစီမံချက် ၂၀၂၅ ကိုရေးဆွဲခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ဤစီမံချက်သည် ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းက အခြေခံမှုများနှင့်လူ့အခွင့်အရေးဆိုင်ရာ အာဆီယံကော်မရှင်(AICHR)၏ မသန်စွမ်းသူများ အခွင့်အရေးများကို အာဆီယံ၏ကဏ္ဍပေါင်းစုံတွင် ပေါင်းစည်းပါဝင်လာနိုင်ရေးဆိုသည့် အချက်များအရ ပေါ်ပေါက်လာသည့် ဒေသတွင်းမူဝါဒစာတမ်းစုတစ်ခုဖြစ်သည်။

အာဆီယံလူမှုယဉ်ကျေးမှု အသိုက်အဝန်း၏ ရည်မှန်းချက်ချမှတ်ရာတွင် ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာကြိုးပမ်းဆောင်ရွက်မှုဖြစ်သည့် မသန်စွမ်းသူများအတွက် တန်းတူညီမျှမှုနှင့် အခွင့်အရေးမြှင့်တင်မှုများ တစ်ပြေးညီချမှတ်ခဲ့သည်။ ၎င်းသည် အာဆီယံလူမှုယဉ်ကျေးမှုအသိုက်အဝန်း၏ ထူးခြားသည့် စရိုက်လက္ခဏာ သုံးခုဖြစ်သည့် (က) လူသားများတိုးတက်ဖွံ့ဖြိုးမှု၊ (ခ) လူမှုရေးနှင့် အကာအကွယ်ပေးမှု၊ (ဂ) လူမှုရေးအရ တရားမျှတမှုနှင့် အခွင့်အရေးများကို အကာအကွယ်ပေးမှုတို့တွင် မသန်စွမ်းသူများဆိုင်ရာ အရေးကိစ္စများကို ရှင်းလင်းထင်ရှားစွာ အသိအမှတ်ပြုထားကြောင်း အထောက်အထားပင်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ၂၀၁၁ ခုနှစ် မေ ၇ ရက်မှ ၈ ရက်ထိ ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှ အာဆီယံအသိုက်အဝန်းအတွင်း မသန်စွမ်းသူများပါဝင်မှုနှင့် မသန်စွမ်းသူများ၏ အခန်းကဏ္ဍ မြင့်မားရေးဆိုင်ရာ ဘာလီကြေညာချက် (Bali Declaration on Enhancement of the Role and Participation of PwDs)နှင့် အာဆီယံမသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ်(၂၀၁၁-၂၀၂၀) (The ASEAN Decade for PwDs 2011-2020) တို့ကို မူကြမ်းစတင်ရေးဆွဲခြင်းကို ဒေသတွင်းနိုင်ငံများအနေဖြင့် ထောက်ခံပါကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။

**မြန်မာနိုင်ငံ**

ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ကို ကမ္ဘာ့ကုလသမဂ္ဂ၏ အထွေထွေညီလာခံက ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကြေညာခဲ့ပြီး နိုင်ငံများလက်မှတ်ရေးထိုးပါဝင်ရန်ကိစ္စကိုမူ ၂၀၀၇ ခုနှစ် မတ် ၃၀ ရက်မှသာ နှိုးဆော်ခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် လက်မှတ်ရေးထိုးပါဝင်ခဲ့သည်။ မြန်မာနိုင်ငံသည်လည်း မသန်စွမ်းသူများနှင့်ပတ်သက်၍ ယခင်ကလည်း အလေးထားဆောင်ရွက်ခဲ့ရာမှ လက်မှတ်ထိုးပြီးနောက်တွင် ပူးပေါင်းပါဝင်မှုများနှင့် လှုပ်ရှားဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်လာခဲ့ကြသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ မသန်စွမ်းသူဦးရေမှာ ၂ ဒသမ ၃ သန်းဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၄ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။ မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ၏ အခြေခံအခွင့်အရေးများ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၇၉၀ ကျော်ရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၇၉၀ ကျော်ရရှိခဲ့ပြီး ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံကို အများဆုံး တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ထိုသို့တင်ပို့ရောင်းချရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၆၈၉ ဒသမ ၃၀၃ သန်းနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၂၈၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၉၁ ဒသမ ၅၉၁ သန်းဖိုး တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ပဲမျိုးစုံတင်ပို့ရောင်းချရာတွင် မတ်ပဲကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃၁၂ ဒသမ ၆၃၅ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၈၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၂၀ ဒသမ ၄၂၃ သန်းဖြင့် အများဆုံးတင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ပဲတီစိမ်းကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂၁၀ ဒသမ ၇၃၃ သန်း၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၀၉၉ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၈၃၂ သန်းဖြင့် ဒုတိယအများဆုံးတင်ပို့ရောင်းချခဲ့ပြီး ပဲစင်းငုံကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၉၉၈ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာသုည ဒသမ ၁၇၉ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၁၇၇ သန်းဖြင့် တတိယအများဆုံးတင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။ SKL



➤ စာမျက်နှာ ၄ မှအဆက်

အသေအချာရရှိစေရေးနှင့် ၎င်းတို့၏ဘဝဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးတို့ကိုရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကြသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်မြို့တွင် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ တစ်ကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း တစ်ကျောင်း၊ မျက်မမြင်ကျောင်း တစ်ကျောင်း၊ နားမကြားသောကလေးများကျောင်း တစ်ကျောင်း၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း တစ်ကျောင်း၊ မန္တလေးမြို့တွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း တစ်ကျောင်းနှင့် နားမကြားသောကလေးများကျောင်း တစ်ကျောင်း၊ စစ်ကိုင်းမြို့တွင် မျက်မမြင်ကျောင်း တစ်ကျောင်း၊ စုစုပေါင်းသင်တန်းကျောင်း ရှစ်ကျောင်းကို ဖွင့်လှစ်ထားရှိပြီး မသန်စွမ်းသူများကို ပြုစုစောင့်ရှောက်ခြင်း၊ ကျောင်းပညာသင်ကြားပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။

**မသန်စွမ်းတို့အပေါ်မဟာဗျူဟာ**

နည်းဗျူဟာအရ မသန်စွမ်းတို့အပေါ် အနီးကပ်ပြုစုစောင့်ရှောက်နေကြပြီး မဟာဗျူဟာအရလည်း ရေရှည်အစီအမံများဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ ကိုဗစ်-၁၉ ရောဂါအလွန်ကာလများတွင် မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ထားရှိပါကြောင်းလည်း သိရှိရသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံချက် (Myanmar Sustainable Development Plan-MSDP)၊ အာဆီယံမဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၅ (ASEAN Enabling Masterplan: 2025) တို့နှင့်အညီရေးဆွဲထားပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်ကာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း(၂၀၂၂-၂၀၂၇) မိတ်ဆက်ဖြန့်ချိခြင်းအခမ်းအနားကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း တွေ့ရှိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ယခုနှစ် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားသမားများက ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခု စုစုပေါင်းဆုတံဆိပ် ၄၃ ခုရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံအနက် အဆင့်(၆)နေရာကိုရရှိခဲ့သည်ကို တွေ့ရှိရ၍ ဝမ်းသာဂုဏ်ယူမိသည်။ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခြင်းသည် နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခံ့ညားစေသဖြင့် အားကစားအဆင့်အတန်းမြင့်မားရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပေသည်။ မည်သို့ပင်ဆိုစေကာမူ မသန်စွမ်းသူများအနေဖြင့် နိုင်ငံ့ဂုဏ်ကို ၎င်းတို့စွမ်းဆောင်နိုင်သည့် အခန်းကဏ္ဍမှ စွမ်းဆောင်ခဲ့ကြောင်းကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေးသားလိုက်ရပါသည်။

**ပြေဖြေအေးသက်**

## အရှုံးမပေး

\- မသန်သော် အားမပြတ်
ထားစိတ်ဓာတ် သန်မာစေ၊
ဘဝကို အလျှော့မပေး
အားမွေးသည့်လေ၊
ရှင်သန်ခြင်း အလှပေ
ဘဝတွေ မွေးပျံ့မူ၊
ကိုယ့်သဏ္ဍာန် တိုးအလုပ်နှင့်
ကြိုးကုတ်ကြံပြု။

\- လောကဓံ အန်တုလို့
ဉာဏ်ထုနှင့် တွန်းလှန်ကာ၊
ဘဝတွေ အောက်မကျ
တောက်ပစေရာ၊
စိတ်ခွန်အား ပေါင်းလျက်သာ
ကောင်းမြတ်တာ တွေးတောမြဲ၊
ဘဝကို အမြင့်မှန်ထိပ်
ရှင်သန်စိတ်တွဲ။

\- လှံ့လပါ ဝီရိယဖွဲ့နှင့်
အသိလှရဲ ရှေ့ဆက်ဖွယ်၊
တန်ဖိုးဂုဏ် အဆင့်တန်း
မြင့်လမ်းကြံရွယ်၊
အခက်ခဲ ကျော်ဖြတ်မယ်
လှော်တက်ကွယ် ဘဝခရီး၊
မနက်ဖြန် အနာဂတ်
တွေးတတ်မငြီး။

\- လူဖြစ်လာ တန်ဖိုးကြီးလို့
စံတိုးပြီး စွမ်းဆောင်လူ၊
နေတတ်စေ ကိုယ့်ဖြစ်ရပ်
ကြီးမြတ်စိတ်ထူ၊
မသန်သော်လည်း တော်စွမ်းသူ
ပေါ်လွှမ်းမူ အားအင်မွေး၊
အားငယ်ကာ မကုန်ဆုံး
အရှုံးမပေး။ ။

(ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။)

**ထက်မြတ်(သနပ်ခါးမြေ)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ဥရောပကောင်စီဥက္ကဋ္ဌကို တရုတ်သမ္မတ တိုက်တွန်း

**ပေကျင်း ဒီဇင်ဘာ ၂**

ယူကရိန်းပြဿနာကို နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာရန် တရုတ်သမ္မတရှီကျင့်ဖျင်က ဥရောပကောင်စီဥက္ကဋ္ဌချားလ်မိုက်ကယ်ကို ဒီဇင်ဘာ ၁ ရက်တွင် တိုက်တွန်းခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော ဥရောပကောင်စီဥက္ကဋ္ဌနှင့် ပေကျင်းမြို့တော်၌ တွေ့ဆုံဆွေးနွေးခဲ့ချိန်တွင် တရုတ်သမ္မတက ထိုကဲ့သို့ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။


ယူကရိန်းပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းသည့် နည်းလမ်းသည်သာ အကျိုးအရှိဆုံးနည်းလမ်းဖြစ်ကြောင်း ဥရောပကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

လက်ရှိအခြေအနေအရ မိမိတို့အနေဖြင့် ပဋိပက္ခ အရှိန်မြင့်တက်လာမှု၊ ကျယ်ပြန့်လာမှုတို့ကို ရှောင်ရှား၍ ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သင့်ကြောင်းလည်း သမ္မတရှီကျင့်ဖျင်က တိုက်တွန်းထားသည်။

တရုတ်နိုင်ငံသည် ယူကရိန်းစစ်ရေးပဋိပက္ခအတွင်း ရုရှားနိုင်ငံကို ရှုတ်ချရန် ငြင်းပယ်ထားပြီး ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်မှုကိုလည်း ဝေဖန်ထားသည်။

ယူကရိန်းပြဿနာကို နိုင်ငံရေးနည်းလမ်းများဖြင့်သာ ဖြေရှင်းရန် တရုတ်အစိုးရက ရှေးယခင်ကလည်း တိုက်တွန်းခဲ့ဖူးကြောင်း သိရသည်။

KKO



## ယူကရိန်းပြဿနာအတွက် ဆွေးနွေးညှိနှိုင်းရန် သမ္မတပူတင်လမ်းဖွင့်ထားကြောင်း ရုရှားပြောကြား



**မော်စကို ဒီဇင်ဘာ ၂**

ရုရှားသမ္မတ ပူတင်အနေဖြင့် ယူကရိန်းပြဿနာနှင့်ပတ်သက်၍ ဖြစ်နိုင်ဖွယ် အဖြေတစ်ရပ်ရှာဖွေရေးအတွက် တွေ့ဆုံဆွေးနွေးရန် လမ်းဖွင့်ထားကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ယနေ့တွင် ပြောကြားခဲ့သည်။

ယူကရိန်း ပြဿနာအတွက် သမ္မတပူတင်နှင့် ဆက်သွယ်ဆွေးနွေးနိုင်ခြေနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ၎င်း၏ သဘောထားကို ထုတ်ပြောခဲ့ပြီးနောက် ရုရှားအစိုးရ၏ အထက်ပါ တုံ့ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားသမ္မတပူတင်အနေဖြင့် ယူကရိန်းစစ်ရေးပဋိပက္ခကို အဆုံးသတ်ရေးအတွက် စိတ်ဝင်စားကြောင်း ပြသခဲ့ပါက ၎င်းနှင့်ဆက်သွယ်ဆွေးနွေးရန် အဆင်သင့်ရှိကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။

ဝါရှင်တန်မြို့တော် အိမ်ဖြူတော်၌ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ သမ္မတ ဂျိုးဘိုင်ဒင်က ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားသမ္မတ ပူတင်အနေဖြင့် ယူကရိန်းပြဿနာနှင့်ပတ်သက်၍ အဖြေရှာရေးအတွက် စေ့စပ်ဆွေးနွေးရန် လမ်းဖွင့်ထားကြောင်း၊ ယူကရိန်းပြဿနာအတွက် သံတမန်ရေးအရ အဖြေရှာခြင်းကို ယုံကြည်မှုရှိကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

သို့ရာတွင် အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်ပြောသကဲ့သို့ စေ့စပ်ဆွေးနွေးမှု ပြုလုပ်နိုင်ရေးအတွက် ယူကရိန်းရှိ ရုရှားတပ်များကို ရုပ်သိမ်းပေးမည်မဟုတ်ဟု ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## သမ္မတဂျိုးဘိုင်ဒင် ပထမဆုံး နိုင်ငံတော်ညစာစားပွဲကျင်းပ ပြင်သစ်သမ္မတ အပါအဝင် ပရိသတ်ဦးရေ ၃၃၀ ကျော်တက်ရောက်

**ဝါရှင်တန် ဒီဇင်ဘာ ၂**

သမ္မတရာထူး ရယူခဲ့ပြီးနောက်ပိုင်း ပထမဆုံး နိုင်ငံတော် ညစာစားပွဲကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဒီဇင်ဘာ ၁ ရက်တွင် အိမ်ဖြူတော်၌ ကျင်းပခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံသို့ ရောက်ရှိနေသည့် ပြင်သစ်သမ္မတ အီမန်နျူရယ်လ်မက်ခရွန်နှင့်သမ္မတကတော်တို့ကိုဂုဏ်ပြုသည့်အနေဖြင့် ကျင်းပပေးခဲ့သော အဆိုပါ နိုင်ငံတော်ညစာစားပွဲသို့ ဧည့်ပရိသတ်ဦးရေ ၃၃၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။



သမ္မတ ဂျိုးဘိုင်ဒင် တည်ခင်းသည့် ပထမဆုံး နိုင်ငံတော် ညစာစားပွဲသို့ အမေရိကန်အလှအပနှင့် ဖက်ရှင်နယ်ပယ်၊ ဖျော်ဖြေရေးနယ်ပယ်၊ စီးပွားရေးနှင့်နိုင်ငံရေးနယ်ပယ်တို့မှ ထင်ပေါ်ကျော်ကြားသူများ တက်ရောက်ခဲ့ကြသည်။

အမေရိကန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလမှစ၍ အိမ်ဖြူတော်၌ နိုင်ငံတော်ညစာစားပွဲများကို ကျင်းပခြင်း မရှိခဲ့ကြောင်း သိရသည်။

အိမ်ဖြူတော်၏ နိုင်ငံတော် ညစာစားပွဲများသည် သံတမန်ရေးအရ အထူးဂုဏ်ပြုမှုများဖြစ်ကြပြီး ပြင်သစ်နိုင်ငံကဲ့သို့ အမေရိကန်နိုင်ငံ၏အရင်းနှီးဆုံးမဟာမိတ်နိုင်ငံများအတွက် ကျင်းပပေးသော ပွဲမျိုးဖြစ်သည်။

ဒီဇင်ဘာ ၁ ရက် အိမ်ဖြူတော် ညစာစားပွဲသည် ကိုဗစ်-၁၉ ရောဂါ အလွန်ကာလအတွင်း အမေရိကန်နိုင်ငံ၌ လူပါဝင်မှုများပြားသည့် လူမှုပွဲလမ်းသဘင်များ ပြန်လည်ပေါ်ထွက်လာမှုကို ပြသလျက်ရှိကြောင်း သိရသည်။ KKO

## လက်မထပ်ဘဲအတူနေထိုင်မှုကို အပြစ်ပေးနိုင်မည့် ဥပဒေသစ် အင်ဒိုနီးရှားလွှတ်တော် အတည်ပြုဖွယ်ရှိ

**ဂျကာတာ ဒီဇင်ဘာ ၂**

လက်ထပ်ထိမ်းမြားခြင်းမရှိဘဲ လင်မယားသဖွယ်နေထိုင်မှုများကို ထောင်ဒဏ်တစ်နှစ်ထိ အပြစ်ပေးနိုင်မည့် ရာဇသတ်ဥပဒေသစ်တစ်ရပ်ကို အင်ဒိုနီးရှားလွှတ်တော်က ယခုလအတွင်း အတည်ပြုဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ရာဇသတ်ဥပဒေသစ်ကို အင်ဒိုနီးရှားလွှတ်တော်က လာမည့်ဒီဇင်ဘာ ၁၅ ရက်တွင် အတည်ပြုပေးဖွယ်ရှိကြောင်း အင်ဒိုနီးရှားတရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အက်ဒွပ်အိုမာရှရစ်ပ်ဟီရာရီက ရိုက်တာသတင်းဌာနသို့ ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

နှစ်ပေါင်းများစွာ အချိန်ယူဆွေးနွေးခဲ့သော အဆိုပါ ရာဇသတ်ဥပဒေသစ်တွင် လက်ထပ်ထိမ်းမြားမှုမပြုလုပ်မီ အတူနေထိုင်မှုများကိုလည်း ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။

မိမိတို့အနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ စံနှုန်းများနှင့်ကိုက်ညီသော ရာဇသတ်ဥပဒေသစ်တစ်ရပ်အတွက် ဂုဏ်ယူကြောင်း အင်ဒိုနီးရှားတရားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားသည်။

အင်ဒိုနီးရှား လွှတ်တော်က အတည်ပြုခဲ့ပါက အဆိုပါ ရာဇသတ်ဥပဒေသစ်တွင် အင်ဒိုနီးရှားပြည်သူများအပြင် ပြည်ပနိုင်ငံသားများလည်း အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် အဆိုပါ ရာဇသတ်ဥပဒေသစ်ကို အတည်ပြုရန် ၂၀၁၉ ခုနှစ်တွင် ကြိုးစားခဲ့သော်လည်း ပြည်လုံးကျွတ်ဆန္ဒပြပွဲများကြောင့် လက်လျှော့ခဲ့ရဖူးကြောင်း သိရသည်။ KKO

## မလေးရှားဝန်ကြီးချုပ်သစ် အန်ဝါအီဘရာဟင် အစိုးရအဖွဲ့လူစာရင်း ကြေညာဖွယ်ရှိ



**ကွာလာလမ်ပူ ဒီဇင်ဘာ ၂**

မလေးရှား ဝန်ကြီးချုပ်သစ် အန်ဝါအီဘရာဟင်သည် ၎င်း၏ အစိုးရအဖွဲ့သစ်လူစာရင်းကို ယနေ့တွင် ကြေညာဖွယ်ရှိကြောင်း မလေးရှား ပြည်တွင်းမီဒီယာများကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အစိုးရအဖွဲ့ လူစာရင်းကို ဝန်ကြီးချုပ်သစ် အန်ဝါအီဘရာဟင်က ယနေ့တွင် ကြေညာနိုင်ကြောင်း မလေးရှားပြည်တွင်း မီဒီယာများက သတင်းထုတ်ပြန်ထားသော်လည်း မည်သည့်အချိန်တွင် ထုတ်ပြန်မည်ကိုထည့်သွင်းဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

ပြီးခဲ့သည့်လအတွင်း ကျင်းပခဲ့သော မလေးရှားအထွေထွေရွေးကောက်ပွဲတွင် မည်သည့်နိုင်ငံရေးအုပ်စုကမျှ အစိုးရဖွဲ့နိုင်သော ရလဒ်မျိုးမရခဲ့သည့်အတွက် မလေးရှားဘုရင်မင်းမြတ်သည် အန်ဝါအီဘရာဟင်ကို ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခဲ့သည်။

မလေးရှား ဝန်ကြီးချုပ်သစ် အန်ဝါအီဘရာဟင်သည် လူနေမှုစရိတ်ကြီးမြင့်လာမှုပြဿနာ၊ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကျဆင်းလာမှုပြဿနာများကို ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သည်။

ထို့ပြင် အန်ဝါအီဘရာဟင်အနေဖြင့် ၎င်းဦးဆောင်ဖွဲ့စည်းရမည့် ညွန့်ပေါင်းအစိုးရအဖွဲ့သစ်၏ တည်ငြိမ်မှုကို ထိန်းထားရေးအတွက်လည်း ကြိုးစားရမည်ဖြစ်သည်။

သို့ရာတွင် ဝန်ကြီးချုပ်သစ် အန်ဝါအီဘရာဟင် အနေဖြင့် မလေးရှားနိုင်ငံအတွက် နိုင်ငံရေးတည်ငြိမ်မှုကို ဖန်တီးပေးနိုင်ဖွယ်ရှိသည်ဟု ရင်းနှီးမြှုပ်နှံသူများက မျှော်လင့်ထားကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## အမေရိကန်က ကာတာနှင့် လက်နက်ရောင်းချရေးသဘောတူပြီး ကန်ဒေါ်လာ ၁ ဘီလီယံရှိ မောင်းသူမဲ့လေယာဉ်များရောင်းချရန် ခွင့်ပြု



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အစိုးရအဖွဲ့သည် ကာတာနိုင်ငံနှင့် ကာလရှည်ကြာနှောင့်နှေးနေသည့် လက်နက်ရောင်းချရေးသဘောတူညီချက်ကို အတည်ပြုခဲ့ပြီး ၎င်း၏အရှေ့အလယ်ပိုင်းမဟာမိတ်နိုင်ငံများကို အမေရိကန်ဒေါ်လာ ၁ ဘီလီယံတန်ဖိုးရှိ မောင်းသူမဲ့လေယာဉ်(UAV)များရောင်းချပေးရန် ခွင့်ပြုခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါရောင်းချပေးရေးသဘောတူညီချက်အတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၉ ရက်က ကြေညာခဲ့ခြင်းဖြစ်သည်။ အဆိုပါရောင်းချမှုတွင် အဆင့်မြင့်ဒရုန်းစနစ် ၁၀ ခု၊ ဒရုန်းကြားဖြတ်ကိရိယာ အခု ၂၀၀ နှင့် ဆက်စပ်ပစ္စည်းများပါဝင်သည်။

ကာတာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် MQ-9 Reaper မောင်းသူမဲ့လေယာဉ်များအပါအဝင် UAV ဝယ်ယူခွင့်ပြုနိုင်ရေးအတွက်တောင်းဆိုခဲ့သည်။ အမေရိကန်ဗဟိုစစ်ဌာနချုပ်၏ ရှေ့တန်းဌာနချုပ်နှင့် Al Udeid လေတပ်အခြေစိုက်စခန်းတွင် ဒေသတွင်းအတွက် ပင်တဂွန်လေကြောင်းစစ်ဆင်ရေးဌာနကို ကာတာနိုင်ငံတွင် တပ်စွဲထားခြင်းအပါအဝင် ဒိုဟာသည် အမေရိကန်နှင့် နီးကပ်သောဆက်ဆံရေးရှိသော်လည်း အမေရိကန်တာဝန်ရှိသူများသည် အဆိုပါသဘောတူညီချက်ကိုအတည်ပြုရန် နှေးကွေးခဲ့သည်။

ကာတာသည် ထောင်နှင့်ချီသောဒုက္ခသည်များကိုလက်ခံထားပေးပြီး ယခင်နှစ်က အာဖဂန်နစ္စတန်မှ အမေရိကန်ဆုတ်ခွာမှုကို အကူအညီများပေးခဲ့သည့်ကြားမှပင် Sheikh Tamim Bin Hamad Al Thani အစိုးရသည် UAV အရောင်းအဝယ်ကိုထိန်းချုပ်ထားသော အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အုပ်ချုပ်ရေးမှ ရှင်းလင်းသောအဖြေများရရှိရန် ရုန်းကန်ခဲ့ရသည်။

ကာတာကို ယုံကြည်စိတ်ချရသော မဟာမိတ်နိုင်ငံအဖြစ် သတ်မှတ်ထားမှုကြောင့် ရောင်းချမှုအား ပင်တဂွန်စစ်ဌာနချုပ်က ထောက်ခံအားပေးခဲ့သည်။ သို့သော် ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံတို့အပါအဝင် ဒေသတွင်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတာဝန်ရှိသူများက စိုးရိမ်နေကြောင်း ယခင်နှစ်က မီဒီယာများ၏ ရေးသားဖော်ပြချက်များအရ သိရသည်။ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ ဘာရိန်းနှင့် အီဂျစ်နိုင်ငံတို့သည် ကာတာနိုင်ငံအား အကြမ်းဖက်သမားများကို ထောက်ပံ့သည်ဟုစွပ်စွဲကာ ၂၀၁၇ ခုနှစ်တွင် အဆက်အသွယ်ဖြတ်ခဲ့သည်။

ယခုလ၏ အမေရိကန်ကြားဖြတ်လွှတ်တော်ရွေးကောက်ပွဲများမတိုင်မီ ရေနံရောင်းချမှု မြှင့်တင်လုပ်ဆောင်ရန် လျှို့ဝှက်သဘောတူညီချက်ကို ရီယာ့ဒ်က ငြင်းဆိုခဲ့ပြီးနောက် အမေရိကန်သည် ဆော်ဒီအာရေဗျနှင့် သဘောထားကွဲလွဲခဲ့ကြသည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အမေရိကန်-ဆော်ဒီဆက်ဆံရေးကို ပြန်လည်အကဲဖြတ်ရန် ကတိပြုကာ အကျိုးဆက်များရှိလာလိမ့်မည်ဟု တုံ့ပြန်သတိပေးခဲ့သည်။

UAV ရောင်းချမှုသည် မိတ်ဆွေနိုင်ငံတစ်ခု၏ လုံခြုံရေးကိုမြှင့်တင်ပေးခြင်းဖြင့် အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် အမျိုးသားလုံခြုံရေးရည်မှန်းချက်များကို ပံ့ပိုးပေးမည်ဖြစ်သည်။

အရှေ့အလယ်ပိုင်းမှာ နိုင်ငံရေးတည်ငြိမ်မှုနဲ့ စီးပွားရေးတိုးတက်မှုအတွက် အရေးကြီးတဲ့ တွန်းအားတစ်ခုအဖြစ် ဆက်လက်ရှိနေပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၎င်းသည် မောင်းသူမဲ့လေယာဉ်စနစ်များကို အီလက်ထရွန်နစ်နှင့် အရှေ့စွမ်းအင်ဆိုင်ရာ တန်ပြန်ဖျက်ဆီးနိုင်စွမ်းရည်များ ပံ့ပိုးပေးခြင်းဖြင့် လက်ရှိနှင့်အနာဂတ်ခြိမ်းခြောက်မှုများကိုရင်ဆိုင်ရန် ကာတာနိုင်ငံ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်ဟု ဖော်ပြပါရှိသည်။ အမေရိကန်က ရောင်းချပေးသွားမည့် ဒရုန်းများသည် ကာတာနိုင်ငံ၏ကြီးမားသောသဘာဝဓာတ်ငွေ့အခြေခံ အဆောက်အအုံကို စောင့်ကြည့်ရန်နှင့် အကြမ်းဖက်တိုက်ခိုက်မှုများကိုတားဆီးရန်ကူညီပေးနိုင်လိမ့်မည်ဖြစ်သည်။ ဒိုဟာသည် ကမ္ဘာ့ဖလားအတွက် လုံခြုံရေးကိုမြှင့်တင်ရန် ၎င်းဝယ်ယူမှုကို အချိန်မီအပြီးသတ်လုပ်ဆောင်သွားနိုင်ရေးလည်း ရည်ရွယ်ထားပုံရှိသည်။

**US approves $1 billion arms sale to Qatar ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက ကရိုင်းမီးယားကျွန်းဆွယ်ကို ၂၀၂၃ ခုနှစ်တွင် ပြန်လည်သိမ်းပိုက်ရန်ပြင်ဆင်နေ

ယူကရိန်း လက်နက်ကိုင်တပ်ဖွဲ့များသည် ၂၀၁၄ ခုနှစ်က ရုရှားနှင့်ပြန်လည်ပေါင်းစည်းရန် မဲခွဲဆုံးဖြတ်ခဲ့သည့် ကရိုင်းမီးယားကျွန်းဆွယ်ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။ ယူကရိန်းတပ်မှူးဟောင်းတစ်ဦးက စစ်ဆင်ရေးကို ၂၀၂၃ ခုနှစ်တွင် စတင်ရန်စီစဉ်ထားကြောင်း Economist အား ပြောကြားခဲ့သော်လည်း အသေးစိတ်အချက်အလက်များကို ပြောကြားရန် ၎င်းက ငြင်းဆိုခဲ့သည်။

လေသူရဲတပ်မှူးဟောင်း မီခေးလ်ဇာဘရော့စကီးက စစ်ဘက်က ရည်ရွယ်ချက်များကို ဆိုရှယ်မီဒီယာ သို့မဟုတ် ရုပ်မြင်သံကြားတွင် ကြေညာပါက မည်သည့်အရာမှ အောင်မြင်လိမ့်မည်မဟုတ်ကြောင်း အဆိုပါသတင်းရင်းမြစ်သို့ အသိပေးခဲ့သည်။ သို့ရာတွင် ကျွန်းဆွယ်ကိုပြန်လည်သိမ်းပိုက်ရန်ဆင်နွှဲမည့် စစ်ဆင်ရေးသည် အဓိပ္ပာယ်မရှိသော ရှေ့တန်းထိုးစစ်ဆင်မှုတစ်ရပ်မဟုတ်ကြောင်းနှင့် မောင်းသူမဲ့လေယာဉ်များအသုံးပြုခြင်း အပါအဝင် ကြည်းတပ်၊ ပင်လယ်ပြင်နှင့် လေကြောင်းတိုက်ခိုက်မှုများ ပေါင်းစပ်အသုံးပြု၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"လူတွေကို ထပ်ပြီးအံ့အားသင့်စေမှာပါ"ဟု ပြောကြားခဲ့သည်။

သို့သော်လည်း ကီယက်ဗ်ရှိ စစ်ရေးပြင်ဆင်မှုလုပ်ငန်းစဉ်နှင့်နီးစပ်သူ မီခေးလ်ဇာဘရော့စကီးက ယူကရိန်းစစ်ဘက်သည် ၎င်းတိုက်ခိုက်မှုအတွက် အချိန်အတိုင်းအတာတစ်ခုမစဉ်းစားမီတွင် ကြားရည်မှန်းချက်တိုက်ပွဲများစွာကို အနိုင်ရရှိအောင်ဆင်နွှဲရန်ကျန်ရှိနေသေးကြောင်း အလေးပေးပြောကြားခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ယူကရိန်းသည် နောက်ဆုံးတွင်ကျွန်းဆွယ်နှင့် ဒွန်ဘတ်စ်ဒေသကို ထိုးစစ်ဆင်တိုက်ခိုက်ရန်စီစဉ်နေသည်ဟု ယခင်က အခိုင်အမာပြောကြားခဲ့ဖူးသည်။ ၎င်းသည် ယခုနှစ်အစောပိုင်းက ယူကရိန်းအား အထူးစစ်ဆင်ရေးဆင်နွှဲရန် အမိန့်ပေးခဲ့သည့် အကြောင်းရင်းတစ်ခုဖြစ်သည်ဟု ၎င်းက ပြောသည်။

ကရိုင်းမီးယား သို့မဟုတ် ဒွန်ဘတ်စ်သမ္မတနိုင်ငံများ၏နယ်မြေများကို အတင်းအကျပ်ပြန်လည်သိမ်းပိုက်ရန် ကြိုးပမ်းမှုမှာ ကီယက်ဗ်အတွက် တန်ဖိုးကြီးကြီးပေးဆပ်ရနိုင်ကြောင်း သက်သေပြနိုင်ပြီး ရုရှားကို နည်းဗျူဟာမြောက်နျူကလီယားလက်နက်များအသုံးပြုခြင်းထိ အရှိန်မြှင့်လုပ်ဆောင်လာရန်တွန်းအားပေးနိုင်သည်ဟု စစ်ရေးကျွမ်းကျင်သူများက သတိပေးထားသည်။

"အားလုံးဟာ သွေးထွက်သံယိုနဲ့အဆုံးသတ်မဲ့ တကယ့်အလားအလာရှိတယ်။ ဒါဟာ ယူကရိန်းအတွက် မလိုအပ်တဲ့ စစ်ဆင်ရေးတစ်ခုပဲ"ဟု အငြိမ်းစားရေတပ်အရာရှိတစ်ဦးဖြစ်သူ Andrey Ryzhenko ကEconomist သတင်းဌာနသို့ ပြောကြားခဲ့သည်။

ကရိုင်းမီးယားကို သိမ်းယူခြင်းအပါအဝင် ယူကရိန်းစစ်ဘက်အတွက် ပဋိပက္ခတွင် အောင်နိုင်ခြေသိပ်မရှိကြောင်း အမေရိကန်ထိပ်တန်းဗိုလ်ချုပ်ကြီး Mark Milley က ယခုလအစောပိုင်းတွင် သတိပေးပြောကြားခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ယူကရိန်းသမ္မတ ဗလာဒီမာဇီလန်စကီးက ကျွန်းဆွယ်ကို သိမ်းပိုက်ရန်စိတ်ပိုင်းဖြတ်ထားပြီး ယူကရိန်းပိုင်နက်နယ်မြေများကို ပြန်လည်သိမ်းပိုက်နိုင်ခြင်းမရှိဘဲ ရုရှားနှင့် ဖြစ်ပွားနေသည့် ပဋိပက္ခအတွက် ငြိမ်းချမ်းစွာအဖြေရှာရန် ဆန္ဒမရှိကြောင်း ပြောကြားထားခဲ့သည်။

ယူကရိန်းဒုတိယကာကွယ်ရေးဝန်ကြီး ဗလာဒီမာဂဗရီလော့ဗ်ကလည်း ယူကရိန်းတပ်ဖွဲ့များသည် ဒီဇင်ဘာလကုန်တွင် ကရိုင်းမီးယားသို့ ဝင်တိုက်နိုင်သည်ဟု ယခုလအစောပိုင်းတွင် ပြောဆိုထားခဲ့သည်။

ကရိုင်းမီးယားသည် ယူကရိန်းမြို့တော်ကီယက်ဗ်တွင် ဆူပူအကြမ်းဖက်မှုများဖြစ်ပွားပြီးနောက် ၂၀၁၄ ခုနှစ်တွင် ရုရှားနှင့်ပူးပေါင်းရန် တစ်ခဲနက်မဲပေးခဲ့ကြသည့် နယ်မြေဖြစ်သည်။ ဒီမိုကရေစီနည်းကျရွေးကောက်ခံသမ္မတ Viktor Yanukovich ကိုဖြုတ်ချခဲ့သည်။ ဤဆောင်းဦးရာသီတွင် ဒွန်ဘတ်စ်သမ္မတနိုင်ငံနှစ်ခုအပြင် Kherson နှင့် Zaporozhye ဒေသတို့သည်လည်း ကီယက်ဗ် သို့မဟုတ် ၎င်း၏အနောက်တိုင်းထောက်ခံသူများက အသိအမှတ်မပြုသော လူထုဆန္ဒခံယူပွဲများဖြင့် ရုရှား၏ အစိတ်အပိုင်းဖြစ်လာရန် မဲပေးခဲ့ကြပြီးဖြစ်သည်။



စက်တင်ဘာလနှောင်းပိုင်းတွင် ရုရှားသမ္မတဗလာဒီမာပူတင်က ၎င်း၏နယ်မြေသစ်များကို အင်အားအပြည့်၊ နည်းလမ်းပေါင်းစုံဖြင့် ခုခံကာကွယ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**Ukraine planned to 'retake' Crimea in 2023 – former commander ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူး နေမာ ဒဏ်ရာမသက်သာသဖြင့် ရှုံးထွက်အဆင့် ပွဲစဉ်များကို လွဲချော်ဖွယ်ရှိ

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၂**

ဘရာဇီးအသင်း တိုက်စစ်မှူး နေမာသည် ခြေချင်းဝတ် ဒဏ်ရာ သက်သာခြင်း မရှိသေးသည့်အတွက် ရှုံးထွက်အဆင့်ပွဲစဉ်များကို လွဲချော်ဖွယ်ရှိသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်း တိုက်စစ်ပိုင်းကို ဦးဆောင်လာခဲ့သည့် နေမာသည် အုပ်စုအဖွင့်ပွဲစဉ်တွင် ဆားဘီးယားအသင်းကစားသမားများ၏ပစ်မှတ်ထားဖျက်ထုတ်မှုများကြောင့် ပွဲချိန် ၇၉ မိနစ်တွင် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သည့်အတွက် ဆက်လက်ကစားနိုင်ခြင်းမရှိခဲ့ဘဲ လူစားလဲ ထွက်ခွာခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် နေမာသည် ဆားဘီးယားအသင်း ကစားသမားများ၏ ကိုးကြိမ်ထိ ပြစ်ဒဏ်ကျူးလွန်မှုကို ခံခဲ့ရပြီး ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ပွဲတည်း ပြစ်ဒဏ်ကျူးလွန်ခံရမှု အကြိမ်ရေ အများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

နေမာ၏ ဒဏ်ရာမှာပြင်းထန်ခဲ့သည့်အတွက် အုပ်စုပွဲစဉ်များတွင် မပါဝင်နိုင်သော်လည်း (၁၆) သင်းရှုံးထွက်အဆင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်လိမ့်မည်ဟု ဘရာဇီးအသင်း ဆေးအဖွဲ့က ထုတ်ပြန်ကြေညာထားရာ လက်ရှိအချိန်ထိ သက်သာခြင်းမရှိသေးဘဲ ပိုမိုဆိုးရွားနေသည့် အခြေအနေများကြောင့် (၁၆) သင်း ရှုံးထွက်အဆင့်ပွဲစဉ်များကို လွဲချော်မည်အပြင် ပြိုင်ပွဲတစ်လျှောက်လုံးကိုပါလွဲချော်မည့်အရေးနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။

လက်ရှိတွင် ဘရာဇီးအသင်းက နေမာ၏ ဒဏ်ရာနှင့် ပတ်သက်ပြီး အသေးစိတ် ထုတ်ပြန်ထားခြင်းမရှိသော်လည်း ၎င်းအနေဖြင့် အသင်းနှင့်စခန်းသွင်းလေ့ကျင့်မှုများ မပြုလုပ်နိုင်သေးသောကြောင့် ကြံ့ခိုင်မှုပြည့်ဝရန်အတွက် အချိန်ပေးရနိုင်သဖြင့် ပြိုင်ပွဲတစ်လျှောက်လုံးကို လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

STA



## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီး၊ မန်ယူနှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း အေစီမီလန်ကွင်းလယ်ကစားသမား လီအိုက အသင်းနှင့်သာ သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။
- အာဆင်နယ်အသင်းက ၂၀၂၁-၂၀၂၂ ဘောလုံးရာသီအတွက် ဘဏ္ဍာရေးရှင်းတမ်းထုတ်ပြန်ခဲ့ရာ စတာလင်ပေါင် ၄၅ ဒသမ ၅ သန်း အရှုံးပေါ်ခဲ့ကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက လီဗာပူးတိုက်စစ်မှူး ဒါဝန်နူနက်ကို ခေါ်ယူနိုင်ရန် ထပ်မံကြိုးပမ်းလျက်ရှိသည်။
- တူနီးရှားအသင်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် အသက် ၃၁ နှစ်ရှိ တိုက်စစ်ကစားသမား ခါဇရီက ကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ML

### ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်ရလဒ်

| | | | | |
|---|---|---|---|---|
| ဂါနာ | ၀ | - | ၂ | ဥရုဂွေး |
| တောင်ကိုရီးယား | ၂ | - | ၁ | ပေါ်တူဂီ |

(၀၄၀)

# မော်ရိုကိုအသင်းအနေဖြင့် ၁၉၈၆ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်သို့ ပထမဆုံးအကြိမ်တက်ရောက်



**ရာဘတ် ဒီဇင်ဘာ ၂**

ဒီဇင်ဘာ ၁ ရက်က ကစားခဲ့သည့် ကနေဒါအသင်းနှင့် မော်ရိုကိုအသင်းတို့၏ ကမ္ဘာ့ဖလားအုပ်စုနောက်ဆုံးပွဲစဉ်တွင် မော်ရိုကိုအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ကမ္ဘာ့ဖလားသမိုင်းတွင် ၁၉၈၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မော်ရိုကိုအသင်းသည် ကမ္ဘာ့ဖလားအုပ်စု (F) တွင် ခရိုအေးရှား၊ ဘယ်လ်ဂျီယံ၊ ကနေဒါအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် ခရိုအေးရှားအသင်းကို ဂိုးမရှိ သရေဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုးမရှိဖြင့်လည်းကောင်း၊ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ကနေဒါအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် ကမ္ဘာ့ဖလားသမိုင်း တစ်လျှောက်တွင် ၁၉၈၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် မော်ရိုကိုအသင်းသည် အနည်းဆုံး သရေ တစ်မှတ်ရရှိရုံဖြင့် အုပ်စုအဆင့်မှ တက်ရောက်မည် ဖြစ်သော်လည်း ပွဲအစကတည်းက ကနေဒါအသင်းကို ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၄ မိနစ်တွင် တောင်ပံတိုက်စစ်မှူး ဇီရက်ချ်က ဦးဆောင်ဂိုးနှင့်ပွဲကစားချိန် ၂၃ မိနစ်တွင် တိုက်စစ်မှူး အန်ညက်ဆီရီက ဒုတိယသွင်းဂိုး သွင်းယူနိုင်ခဲ့ပြီး ကနေဒါအသင်းက ပွဲကစားချိန် မိနစ် ၄၀ တွင် ခံစစ်ကစားသမားအက်ဂွါ၏ကိုယ့်ဂိုးကိုယ်သွင်းမှုကြောင့် ချေပဂိုးရရှိခဲ့ကာ ပွဲပြီးဆုံးချိန်တွင် မော်ရိုကိုအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု (F) ပွဲစဉ်များအပြီးတွင် မော်ရိုကိုအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် အုပ်စုပထမ၊ ခရိုအေးရှားအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် အုပ်စုဒုတိယဖြင့် ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ခဲ့သော်လည်း ဘယ်လ်ဂျီယံအသင်းနှင့် ကနေဒါအသင်းတို့မှာ အုပ်စုအဆင့်က ထွက်ခွာခဲ့ရကြောင်း သိရသည်။

ML

# Australian Open ပြိုင်ပွဲအမှတ်ပေးဇယားကို မီချီလူဇီနှင့် အာဒမ်စကော့တို့ ပူးတွဲဦးဆောင်

**မဲလ်ဘုန်း ဒီဇင်ဘာ ၂**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပနေသည့် Australian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် မီချီလူဇီနှင့် အာဒမ်စကော့တို့က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မီချီလူဇီသည် ပထမနေ့တွင် ပုံစံကောင်းရရှိခဲ့သော်လည်း ဒုတိယနေ့တွင် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး သတ်မှတ်ရိုက်ချက်ထက် တစ်ချက်သာ လျှော့ရိုက်နိုင်ခဲ့သည်။

အာဒမ်စကော့က ဒုတိယနေ့တွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီး ပထမနေ့တွင် တစ်ချက်ပိုရိုက်ထားသော်လည်း ဒုတိယနေ့ရလဒ်ကြောင့် အမှတ်ပေးဇယားထိပ်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

မဲလ်ဘုန်းမြို့တွင် ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲတိုင်းတွင် ရလဒ်ကောင်းများ ရယူနိုင်လေ့ရှိသည့် အာဒမ်စကော့အနေဖြင့် ဒုတိယနေ့တွင် ကစားနိုင်ခဲ့သည့်လက်စွမ်းမှာ ချန်ပီယံလက်စွမ်းမျိုးဖြစ်ပြီးနောက်ဆုံးနေ့ထိ အဆိုပါ ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ပါက မဲလ်ဘုန်းမြို့တွင် ကျင်းပသည့် ပြိုင်ပွဲတိုင်း၌ ရလဒ်ကောင်းရယူနိုင်သည့်မှတ်တမ်းကိုလည်း ဆက်လက်ထိန်းသိမ်းခွင့်ရမည်ဖြစ်သည်။

အာဒမ်စကော့က "ဒုတိယနေ့မှာ Solid ကစားနိုင်ခဲ့တယ်။ အမှားအယွင်းအနည်းဆုံးနဲ့ အားရကျေနပ်ဖွယ်ကောင်းတဲ့ ရလဒ်ကိုရယူနိုင်ခဲ့တယ်။ ဒီဂေါက်ကလပ်ဟာကစားရခက်ခဲတဲ့ ဂေါက်ကလပ်ဖြစ်ပါတယ်။ ဒါကြောင့် သတိထားပြီး ယှဉ်ပြိုင်နေရတယ်။ ပထမနေ့မှာတုန်းက ရလဒ်ကောင်းရဖို့ အရမ်းကို ခက်ခဲခဲ့ပါတယ်။ Bogey ရိုက်ချက်တွေများတဲ့အတွက်ကြောင့် ပထမနေ့ရလဒ်က စိတ်ပျက်စရာကောင်းပါတယ်။ ဒုတိယနေ့မှာကစားထားနိုင်တဲ့ ပုံစံအတိုင်း နောက်ဆုံးနေ့ထိ ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

AZL

# Bahrain International Challenge 2022 ကြက်တောင်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ သက်ထားသူဇာ တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂**

ဘာရိန်းနိုင်ငံ မာနာမာမြို့တွင် ကျင်းပလျက်ရှိသည့် Bahrain International Challenge 2022 ကြက်တောင်ရိုက်ပြိုင်ပွဲ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

Bahrain International Challenge 2022 ကြက်တောင်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ရှုံးထွက်အဆင့် ပွဲစဉ်အဖြစ် ယနေ့တွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းအစားဆုံးအဖြစ် ရပ်တည်နေသည့် အိန္ဒိယကြက်တောင်မယ် မယ်ဗီနက်ဘန်ဆော့နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာနှင့် အိန္ဒိယကြက်တောင်မယ် မယ်ဗီနက်ဘန်ဆော့တို့ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် သက်ထားသူဇာက အသာစီးရရှိခဲ့ပြီး ၂၁ မှတ် ရှစ်မှတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲငယ်တွင် မယ်ဗီနက်ဘန်ဆော့က အမှားအယွင်းများ ပြင်ဆင်ပြီး အကောင်းဆုံးပြန်လည် ဖိအားပေးနိုင်ခဲ့ကာ ၂၁ မှတ် ၁၄ မှတ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည်။

ထို့နောက် အဆုံးအဖြတ် တတိယပွဲငယ်အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ လက်စွမ်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း သက်ထားသူဇာက ၂၁ မှတ် ၁၉ မှတ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကာ ကွာတားဖိုင်နယ်အဆင့်တွင် ထိုင်းကြက်တောင်မယ် ပစ်ချမွန်နှင့်ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA



# ဖီဖာက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပင်နယ်တီစည်းမျဉ်းကို ပြောင်းလဲအသုံးပြုရန် ပြင်ဆင်



**ဂျိန်ဗာ ဒီဇင်ဘာ ၂**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) က လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပင်နယ်တီစည်းမျဉ်းသစ်ကို စတင်အသုံးပြုရန်အတွက် ပြင်ဆင်လျက်ရှိသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ဖီဖာက သတ်မှတ်ထားသည့် စည်းမျဉ်းများအရ အုပ်စုအဆင့် ပွဲစဉ်များတွင် သရေရလဒ် ထွက်ပေါ်ခဲ့ပါက ပင်နယ်တီအဆုံးအဖြတ်ကစားရန် မလိုအပ်ဘဲ တစ်မှတ်စီရရှိခဲ့ကာ ရှုံးထွက်အဆင့် ရောက်မှသာလျှင် ပွဲချိန်အတွင်း သရေရလဒ် ထွက်ပေါ်နေပါက ပင်နယ်တီအဆုံးအဖြတ်ကန်သည့် စနစ်ကို ကျင့်သုံးနေခြင်းဖြစ်သည်။

သို့သော် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ပိုင်းဖွံ့ဖြိုးတိုးတက်ရေးအကြီးအကဲဖြစ်သည့် မာကိုဗန်ဘက်စတန်က အုပ်စုပွဲစဉ်များတွင်လည်း ပင်နယ်တီအဆုံးအဖြတ်ကစားရန် ပြင်ဆင်နေပြီး အုပ်စုပွဲစဉ်များတွင် သရေရလဒ်ထွက်ပေါ်နေပါက ပင်နယ်တီ အဆုံးအဖြတ်ကန်သွင်းပြီး အနိုင်ရရှိသည့်အသင်းက တစ်မှတ်ရရှိမည့်စနစ်ကို ပြောင်းအလဲအသုံးပြုရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ထို့ပြင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲကျင်းပသည့်ပုံစံများကိုလည်း အပြောင်းအလဲများ ပြုလုပ်ရန် ပြင်ဆင်လျက်ရှိပြီး လက်ရှိ ၃၂ သင်းဖြင့် ကျင်းပနေရာမှ ၄၈ သင်းထိ တိုးမြှင့်ကျင်းပရန် စီစဉ်နေပြီး အုပ်စုခွဲဝေမှုကိုလည်း တစ်အုပ်စုလျှင် လေးသင်းမှသုံးသင်းဖြင့် ကျင်းပရန် ပြင်ဆင်နေသည့်အချိန်တွင် ပင်နယ်တီကန်သွင်းသည့်စနစ်ကိုပါ ပြောင်းလဲအသုံးပြုမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါ အုပ်စုပွဲစဉ်များတွင် ပင်နယ်တီအဆုံးအဖြတ်ကစားသည့် စည်းမျဉ်းသစ်ကို အတည်ပြုခြင်း မရှိသေးသော်လည်း ဖီဖာက အဆိုပါစနစ်ကို ပြောင်းလဲလိုသည့်အတွက် မကြာမီဆုံးဖြတ်ချက် ချမှတ်ဖွယ်ရှိနေကြောင်း သိရသည်။ STA

# ကမ္ဘာ့ဖလားချန်ပီယံဆုရယူပြီးနောက် အုပ်စုအဆင့်မှ နှစ်ကြိမ်ဆက်ထွက်ခွာခဲ့ရသည့်အသင်းအဖြစ် ဂျာမနီမှတ်တမ်းဝင်

**ဘာလင် ဒီဇင်ဘာ ၂**

ဂျာမနီအသင်းသည် အုပ်စု(E) နောက်ဆုံးပွဲစဉ်အဖြစ် ကော်စတာရီကာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း အုပ်စုအဆင့်မှထွက်ခွာခဲ့ရသဖြင့် ကမ္ဘာ့ဖလားချန်ပီယံဆုရရှိခဲ့သည့်နောက်ပိုင်းအုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာမနီအသင်းသည် ၂၀၁၄ ခုနှစ်က ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ် ရုရှားနိုင်ငံ ကမ္ဘာ့ဖလားတွင် အုပ်စုအဆင့်တွင် ဆွီဒင်၊ မက္ကဆီကို၊ တောင်ကိုရီးယားတို့နှင့် တွေ့ဆုံခဲ့သော်လည်း တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် အုပ်စုမှထွက်ခွာခဲ့ရသကဲ့သို့ ယခုပြိုင်ပွဲတွင်လည်း စပိန်၊ ဂျပန်၊ ကော်စတာရီကာအသင်းတို့နှင့်တွေ့ဆုံခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရရှိခဲ့ပြီး ဂိုးကွာခြားချက်ကြောင့် အုပ်စုအဆင့်မှဒုတိယအကြိမ်ထွက်ခွာခဲ့ရသည်။



ဂျာမနီအသင်းသည် လက်ရှိကမ္ဘာ့ဖလားအုပ်စုအဖွင့်ပွဲစဉ်တွင် ကစားသမားစုဖွဲ့မှုအားနည်းသည့် ဂျပန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့မှုကြောင့် ဖိအားအောက်ကျရောက်ခဲ့ပြီး အုပ်စုဒုတိယပွဲစဉ်တွင် စပိန်အသင်းကို အနိုင်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း သရေ တစ်မှတ်သာရယူနိုင်ခဲ့သောကြောင့် ကော်စတာရီကာအသင်းနှင့် ပွဲစဉ်ကို ခုနစ်ဂိုးပြတ်သွင်းယူနိုင်မှ အုပ်စုတက်ရောက်နိုင်မည် ဖြစ်သဖြင့် လေးဂိုး နှစ်ဂိုးဖြင့်သာ အနိုင်ရခဲ့ပြီး ဒုတိယနေရာမှ စပိန်အသင်းနှင့် ရမှတ်တူဂိုးကွာခြားချက်ဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက် ချန်ပီယံဆုရရှိခဲ့သည့် ဘရာဇီး၊ အာဂျင်တီးနား၊ ဥရုဂွေး၊ အင်္ဂလန်၊ ပြင်သစ်၊ စပိန်၊ အီတလီနှင့် ဂျာမနီအသင်းတို့တွင် ချန်ပီယံဆု ရရှိခဲ့ပြီးနောက် အုပ်စုအဆင့်မှ နှစ်ကြိမ်ဆက်ထွက်ခွာခဲ့ရသည့် အသင်းမှာ အီတလီအသင်းနှင့် ဂျာမနီအသင်းတို့သာ ရှိခဲ့ကြောင်း သိရသည်။ML

# ဥရောပဘောလုံးအဖွဲ့ချုပ်က ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုအတွက် ဂျူဗင်တပ်အသင်းကို စစ်ဆေးမှုများစတင်ပြုလုပ်

**ရောမ ဒီဇင်ဘာ ၂**

ဥရောပဘောလုံးအဖွဲ့ချုပ်က စီးရီးအေထိပ်သီးကလပ် ဂျူဗင်တပ်အသင်းကို အသင်းဘဏ္ဍာရေး ချိုးဖောက်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိပြီး ပြစ်မှုထင်ရှားမည်ဆိုပါက ဥရောပအဆင့်ပြိုင်ပွဲများမှ ထုတ်ပယ်သည်ထိ အရေးယူဖွယ်ရှိသည်ဟု Footballitalia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းသည် ကိုဗစ်-၁၉ ရောဂါကြောင့် ကွင်းပိတ်ကျင်းပခဲ့သည့်အချိန်တွင် အသင်းဝင်ငွေများ လျော့နည်းနေသဖြင့် အသင်းဘဏ္ဍာရေး စည်းမျဉ်းနှင့်မငြိစွန်းရန်အတွက် အသင်းမှကစားသမားများကို လုပ်ခလစာလျှော့ချနိုင်ခဲ့သည်ဟု အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဥရောပ ဘောလုံးအဖွဲ့ချုပ်တို့ထံ စာချုပ်စာတမ်းအတုများဖြင့် တင်ပြခဲ့ခြင်းဖြစ်သည်။

သို့သော် ဂျူဗင်တပ်အသင်းအနေဖြင့် အဆိုပါကာလတွင်လည်း ကစားသမားများကို အမှန်တကယ် လုပ်ခလစာလျှော့ချနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ကစားသမားများကို တရားမဝင်နည်းလမ်းများဖြင့် လုပ်ခလစာငွေကို အပြည့်အဝပေးချေခဲ့ရသည်ဟု သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် အီတလီအာဏာပိုင်များနှင့် အီတလီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က ဂျူဗင်တပ်အသင်းရုံးခန်းကို ဝင်ရောက်စီးနင်းပြီး စစ်ဆေးမှုများ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဂျူဗင်တပ်အသင်း၏ ဘဏ္ဍာရေး ချိုးဖောက်မှုများကို စတင်စုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီဟု ကြေညာခဲ့ပြီး ပြစ်မှုထင်ရှားပါက အနည်းဆုံးပြစ်ဒဏ်အဖြစ် ရမှတ်လျှော့ပြစ်ဒဏ်နှင့် အမြင့်ဆုံးပြစ်ဒဏ်အဖြစ် တန်းဆင်းပြစ်ဒဏ် ချမှတ်ဖွယ်ရှိနေသည်ဟု သတင်းထွက်ပေါ်ခဲ့ပြီး ယခုအခါ ဥရောပဘောလုံးအဖွဲ့ချုပ်ကလည်း စုံစမ်းစစ်ဆေးမှုများစတင်ပြုလုပ်နေပြီဟု ကြေညာခဲ့ပြီး အနည်းဆုံးပြစ်ဒဏ်အဖြစ် ကစားသမားခေါ်ယူခွင့် ပိတ်ပင်ခံရဖွယ်ရှိနေပြီး အများဆုံးပြစ်ဒဏ်အဖြစ် ဥရောပအဆင့်ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်သွားဖွယ်ရှိနေကြောင်း သိရသည်။

STA

# စပိန်လာလီဂါအထွေထွေညီလာခံသို့ ဘာစီလိုနာနှင့် ရီးရဲလ်မက်ဒရစ်တို့ တက်ရောက်မည်မဟုတ်ဟုဆို

**မက်ဒရစ် ဒီဇင်ဘာ ၂**

စပိန်လာလီဂါထိပ်သီးနှစ်သင်းဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းက စပိန်လာလီဂါအထွေထွေညီလာခံသို့ ကိုယ်စားလှယ်စေလွှတ်ပြီး တက်ရောက်မည်မဟုတ်ဘဲ ဆန့်ကျင်သွားမည်ဟု ကြေညာခဲ့ကြောင်း မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်လာလီဂါ ဘောလုံးအဖွဲ့ချုပ်က လာမည့် ဒီဇင်ဘာ ၇ ရက်တွင် ပြိုင်ပွဲ၌ အသုံးပြုမည့် စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲပြင်ဆင်ရေးအတွက် ဒူဘိုင်းတွင် စပိန်လာလီဂါအထွေထွေညီလာခံ ကျင်းပသွားမည် ဖြစ်သော်လည်း ထိပ်သီးအသင်းနှစ်သင်းက တက်ရောက်မည်မဟုတ်ဘဲ ဆန့်ကျင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့သည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ဥရောပစူပါလိဂ်ပြိုင်ပွဲ ကျင်းပရန်ကြိုးပမ်းမှုများတွင် အဓိကနေရာမှပါဝင်ခဲ့သည့် အသင်းများဖြစ်သည့်အတွက် စပိန်လာလီဂါအဖွဲ့ချုပ်နှင့်လည်း သဘောထားတင်းမာမှုများရှိခဲ့သည့်အသင်းနှစ်သင်းဖြစ်သည်။

စပိန်လာလီဂါ ဘောလုံးအဖွဲ့ချုပ်က ဒူဘိုင်းတွင် ကျင်းပမည့် စပိန်လာလီဂါညီလာခံတွင် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ကို ထိန်းချုပ်မည့်စည်းမျဉ်းများလည်း ပါဝင်လာဖွယ်ရှိနေသည့်အတွက် အဆိုပါ ကလပ်အသင်းနှစ်သင်းက ညီလာခံတက်ရောက်မည်မဟုတ်ဘဲ ဆန့်ကျင်ထားကြောင်း သိရသည်။ STA

# ချဲလ်ဆီးအသင်းမှ ဇီရက်ချ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် အေစီမီလန်အသင်း ပြင်ဆင်

**ရောမ ဒီဇင်ဘာ ၂**

အေစီမီလန် အသင်းသည် ချဲလ်ဆီးအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသည့် ကွင်းလယ်ကစားသမားဇီရက်ချ်ကို လာမည့်အပြောင်းအရွှေ့ကာလတွင် အပြီးသတ်ခေါ်ယူခွင့်ပါရှိသည့် အငှားစာချုပ်တစ်ရပ်ဖြင့် ကမ်းလှမ်းရန် ပြင်ဆင်နေသည်ဟု Gazzetta Dello Sport က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ်ကစားသမား ဇီရက်ချ်သည် လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကိုအသင်းနှင့်အတူ အဓိကခြေစွမ်းပြ ကစားနေသည့်အပြင် အသင်းအား ၁၆ သင်း ရှုံးထွက်အဆင့်သို့ရောက်ရှိအောင် ၎င်း၏ သွင်းဂိုးများဖြင့် ကူညီခဲ့သောကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

အေစီမီလန် အသင်းသည် ဇီရက်ချ်၏ ခြေစွမ်းပိုင်းကို ယခင်ကတည်းက သဘောကျနေသကဲ့သို့ လက်ရှိတွင် ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူကာ စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ်ခေါ်ယူမည်ဖြစ်သော်လည်း ကစားသမားအနေဖြင့် ၎င်း၏လုပ်ခလစာကို တိုးမြှင့်တောင်းခံနိုင်သည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသည်။

အသက် ၂၉ နှစ်ရှိ ဇီရက်ချ်သည် ၂၀၂၀ ပြည့်နှစ်က အေဂျက်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၃ ဒသမ ၃ သန်းဖြင့် ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် ခြေစွမ်းပြသနိုင်ခြင်းမရှိသဖြင့် ပွဲကစားခွင့်ပျောက်ဆုံးခဲ့ကာ ယခုနှစ် ဘောလုံးရာသီ နည်းပြဂရာဟမ်ပေါ်တာလက်အောက်တွင် လူစားဝင်ခွင့်သာရရှိခဲ့သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကိုအသင်းအတွက် ပွဲချိန်ပြည့် ပါဝင်ကစားပေးခဲ့ပြီး အုပ်စုပွဲစဉ်သုံးပွဲတွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့ကြောင်း သိရသည်။ ML



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၇၀)

**ကြည်လွင်မြင့်(မုံရွာ)**

**မေး ။ ။ သမီးက ညနေဆို မြေအိုးလေးနဲ့ မန်ကျည်း ထန်းလျက်ဆားလော်လေးစိမ်ပြီး အပေါ် အရည်လေးကိုတစ်နေ့မတ်ခွက် နှစ်ခွက်လောက် သောက်ဖြစ်ပါတယ် ရှင့်။ သောက်ပြီးရင် ဝမ်းလဲနှစ်ခါလောက် သွားပါတယ်။ နေ့တိုင်းသောက်ဖြစ်နေလို့ အစာအိမ်တွေ၊ အူတွေများ ဆိုးကျိုးဖြစ်နိုင်ပါသလား ဆရာ။ နေ့တိုင်းသောက်လို့ သင့်၊ မသင့် သမီးကို ညွှန်ပြပေးပါရှင့်။ ကျေးဇူးအများကြီး တင်ပါတယ် ဆရာကြီးရှင့်။**

ဖြေ ။ ။ သောက်ပါ။ မန်ကျည်းဖျော်ရည်က ဝမ်းပျော့စေပြီး အပူအပုပ်လဲ ကင်းစင်စေပါတယ်။ ဝမ်းအပူငြိမ်းစေပြီး အူမကြီးကိုလဲ သန့်စင်စေပါတယ်။ ဝမ်းလွယ်တဲ့အတွက် နေ့စဉ် သောက်သုံးမယ်ဆိုရင်တော့ အခြားဝမ်းလွယ်တဲ့ အစားအစာစားတဲ့ နေ့ဆိုရင် သတိထားသောက်ဖို့ လိုပါတယ်။ ဥပမာ- ချဉ်ပေါင်ဟင်း၊ ပဲကြီးဟင်း စတာတွေစားရင် မသောက်ပါနဲ့။ ညနေ၊ ညကလွဲလို့ မနက်၊ နေ့လယ် အစာနဲ့နီးတဲ့အချိန်မှာ မန်ကျည်းဖျော်ရည် မသောက်ရပါ။

**မေး ။ ။ သမီးအမေက ညာဘက်ခြေထောက်က ကျဉ်ပြီး တစ်ခါတလေ ကိုက်လို့ပါ။ ညဆို သန်းခေါင်ကျော်လောက်ကျရင် ကိုက်လို့ ညည်းနေတတ်တယ်။ အရင်ကတည်းက အထိုင်အထ နာနေတတ်တယ်။ နောက်တော့ လယ်ကန်သင်းမှာ ကျင်းသေးလေးထဲနင်းမိလို့ ခြေထောက်ရောင်ပြီး ကုသထားပါတယ်။ ပြီးခဲ့တဲ့ သုံးလလောက်က ဆင်တုပ်ကွေးမိပြီး အခုထိ ခြေထောက်က အဲဒီလိုဖြစ်တာ ကျန်နေပါတယ်။ အရိုး၊ အကြောအထူးကုနဲ့ ငါးပတ်လောက်ပြပြီး ဆေးလိမ်း၊ ဆေးသောက် လုပ်ပါတယ်။ ပြီးခဲ့တဲ့လပိုင်းအစလောက်က ဗေးသမ္မအန်ပြီး မောနေလို့ ဆေးရုံသွားပြတော့ အကိုက်အခဲပျောက်ဆေးတွေကြောင့်ပါတဲ့၊ အစားစားတာလဲ နည်းလို့တဲ့၊ အရိုးအကြောကပေးတဲ့ ဆေးတွေပါ။ ဆရာ အဲဒါလေ သမီးဘာလုပ်ပေးရင် ရမလဲမေးချင်တာပါ။ ဆရာကျေးဇူးပြုပြီး အချိန်ရရင် တစ်ချက်လေးဖြေပေးပါရှင့်။**

ဖြေ ။ ။ အကိုက်အခဲပျောက်ဆေးက အစာအိမ်ကိုလောင်လို့နောက်ဆက်တွဲတွေ ခံစားနေရတာပါ။ အစာအိမ်မကောင်းတော့ အစာမကြေချက်နိုင်ဘဲ အရိုး၊ အကြောပါ အားနည်းလာတာပါ။ ရှောက်ရည်နဲ့ ပျားရည်ရောစပ်တိုက်ပေးပါ။ အစာအိမ်သက်စောင့် အချွဲအမြှေးတွေ ပြန်ဖြစ်လာအောင် ဖီးကြမ်းငှက်ပျောသီး များများစားပေးပါ။ ဖီးကြမ်းငှက်ပျောသီးအခွံမှာ ကပ်နေတဲ့အမျှင်ကလေးတွေဟာ အစာအိမ်ကအနာကို ကျက်စေပါတယ်။ အစာအိမ်ရဲ့ အချွဲအမြှေးကိုလဲ ပြန်ဖြစ်စေနိုင်ပါတယ်။ တချို့ကတော့ ပူပူနွေးနွေးစားချင်လို့ ဖီးကြမ်းငှက်ပျောသီးကို အပြင်ခွံလေး ညိုသွားအောင် မီးဖုတ်စားရင် ပိုစားကောင်းတယ်လို့ ပြောပါတယ်။ အစာအိမ်အတွက် ညစာမစားဘဲ အစာပျော့ပျော့စားပေးပါ။ ညအိပ်ခါနီး နွားနို့ပူပူတစ်ခွက်မှာ နနွင်းမှုန့် ဇွန်းသေးတစ်ဇွန်း ထည့်ဖျော်သောက်ပေးပါ။ ခြေထောက်ကိုက်သက်သာအောင် မုန်ညင်းဆီလိမ်းပြီး ကြပ်ထုပ်ထိုးပေးပါ။ အရိုးအဆစ်အတွက် မီးသလင်းကြပ်ထုပ်က အကောင်းဆုံးပါ။

**မေး ။ ။ ဆရာရှင့် ကျွန်မအသက်က ၅၁ နှစ်ပါ။ ဒလမြို့မှာ နေပါတယ်။ လူကဝပါတယ် ဆရာ။ ဝမ်းက ချုပ်တတ်ပါတယ်။ ဆီးလဲ ကောင်းပါတယ်။ သားအိမ်ထုတ်ထားတာ ခုနစ်နှစ်လောက် ရှိပါပြီ။ ဒါကြောင့် သွေးဆုံး၊ မဆုံး မသိပါ။ ဒီအသက်လောက်ဆို ရောဂါဝေဒနာ တစ်ခုခုဖြစ်ရင် လူကြီးတွေက သွေးဆုံးကိုင်တာလို့ ပြောကြပါတယ်။ ဆေးစားဖို့လိုသလား ဆရာ။ ဘာကြောင့်လဲတော့ မသိဘူး။ ရောဂါကြီးကြီးမားမား မဖြစ်ပေမဲ့ လူက မကျန်းမာသလို ခံစားနေရပါတယ်။ အအေးဒဏ်မခံနိုင်ဘူး ဆရာ။ နည်းနည်းလေးအေးတာနဲ့ မနေနိုင်တော့ဘူး။ ဝမ်းကတော့ တစ်ခါတစ်ရံ ချုပ်ပါတယ်။ ဝမ်းချုပ်ရင်အသီးအနှံ များများစားပေးပါတယ်။ လက်ရှိသောက်နေတဲ့ဆေးမရှိပါ။ အားဆေးဆိုတာတွေလဲ မသောက်ပါဘူး။ ကျွန်မတို့ အသက်အရွယ်အတွက် ဘာဆေးသောက်ရင် ကောင်းမလဲ ပြောပြပေးပါဆရာ။ ကျေးဇူးတင်ပါတယ်ဆရာ။**



ဆေးဖက်ဝင် ရင်းပြားပင်ကို တွေ့ရစဉ်။

ဖြေ ။ ။ အမျိုးသမီးတွေ သွေးဆုံးချိန်ကို အသက် ၄၆ နှစ်ကနေ ၅၀ အတွင်းလို့ အကြမ်းဖျင်းအားဖြင့် သတ်မှတ်ထားပါတယ်။ ဒါပေမဲ့ အခုခေတ်မှာ အစားအသောက်နဲ့ ရာသီဥတုပြောင်းလဲမှုတွေကြောင့်အမျိုးသမီးတွေ သွေးဆုံးတာလဲ အသက် ၅၀ ကျော်မှဆုံးတာကို များသောအားဖြင့် တွေ့ရှိရပါတယ်။ အထူးသဖြင့် ဓာတုဆိုးဆေးပါတဲ့ အစားအသောက်တွေကြောင့် သားအိမ်အလုံးအဖုဖြစ်တာ၊ ရေအိတ်ဖြစ်တာတွေများလာပြီး ကင်ဆာရောဂါအဆင့် ရောက်သွားမှာကြောက်လို့ သားအိမ်ထုတ်သူတွေ များလာပါတယ်။ စောစော သားအိမ်ထုတ်လိုက်တဲ့အခါ ကင်ဆာရောဂါကို ကာကွယ်နိုင်ပေမဲ့ သွေးဆုံးချိန်ကို မသိကြတော့ပါဘူး။ ခန္ဓာကိုယ်အတွင်း ဓာတ်ကြီးလေးပါး စေ့ဆော်မှုကြောင့် သွေးဆုံးတဲ့အသက် ရောက်လာရင် သွေးဆုံးလက္ခဏာတွေ ပြလေ့ရှိပါတယ်။ သွေးဆုံးချိန်မှာ များသောအားဖြင့် အဆစ်အမျက်တွေကိုက်ခဲတာ၊ အကြောအခြင်တွေ တောင့်တင်းတာ၊ အရိုးပွပြီး ကျိုးပေါင်းတက်တဲ့ ရောဂါတွေ ဖြစ်လာတတ်ပါတယ်။ အသက်ကြီးပိုင်းအဝင်လို့လဲ ပြောလို့ရပါတယ်။ အထူးသဖြင့် စိတ်မတည်ငြိမ်ဘဲ စိုးရိမ်သောက များလာတတ်ပါတယ်။ နဂိုမကြောက်တတ်တဲ့သူက ကြောက်တတ်လာပါတယ်။ ထိတ်လန့်တတ်လာပါတယ်။ ညဦးပိုင်းမှာ သွေးလေးပြီး စောစောအိပ်ချင်၊ ညဉ့်နက်ပိုင်းမှာနိုးပြီး ပြန်အိပ်မပျော် ဖြစ်တတ်ပါတယ်။ အစာမကြေဘဲ လေပွလာတတ်ပါတယ်။ တချို့မှာ လေကြောင့်လူမဝဘဲ ဗိုက်က စူထွက်လာတတ်ပါတယ်။ ဒါကြောင့် တချို့က သွေးဆုံးချိန်မှာ အပျိုလေးတွေလို ဝမ်းဗိုက်ချပ်တဲ့ လေ့ကျင့်ခန်းတွေ လုပ်ခိုင်းပါတယ်။ အိမ်မှာမလုပ်နိုင်ရင် ဂျင်သွားဆော့ဖို့ တိုက်တွန်းကြပါတယ်။ ဘယ်အရွယ်မဆို အတော်အသင့် လေ့ကျင့်ခန်းလုပ်တာ၊ ကျန်းမာရေး လိုက်စားတာဟာ မမှားပါဘူး။ သွေးဆုံးချိန်မှာ လေ့ကျင့်ခန်းတစ်ခုခုလုပ်ပေးသင့်ပါတယ်။ သွေးဆုံးအတွက် တိုင်းရင်းဆေးမှာ ရှားစောင်းလက်ပပ်ချက်ဆေး၊ လေပူကျဆေး၊ အဆီကျ၊ အသားကျစ်ဆေးတွေ ဆရာတွေက ပေးလေ့ရှိပါတယ်။ ကုထုံးကျွမ်းကျင်တဲ့ဆရာတွေကိုပြသပြီးမှ ဆေးကိုစားပါ။ ရှောက်ရည်နဲ့ပျားရည် သုံးချိုးတစ်ချိုး ရောစပ်သောက်ပါ။ သွေးဆုံးမှာ အအေးဒဏ်မခံနိုင်ရင်၊ အအေးကြောက်ရင် မနက် ၁၁ နာရီ ကျော်မှရေချိုးပါ။ ရေမချိုးမီ လေ့ကျင့်ခန်းလုပ်တာ၊ နေရောင်ခြည်ခံတာတွေ ပြုလုပ်ပြီးမှ ချိုးပါ။ ချင်းတက်ကိုပါးပါး လှီး၊ ရေနွေးစိမ်ထားပြီး ရေချိုးပြီးချိန်မှာ ကော်ဖီတစ်ခွက်စာလောက် သောက်ပါ။ ထမင်းစားတဲ့အခါ ထမင်းအေး၊ ဟင်းအေး မစားပါနဲ့။ ပူပူနွေးနွေး စားသောက်တာဟာ သွေးဆုံးပြီး ဝမ်းမီးအားနည်းလာသူတွေအတွက် ကောင်းမွန်တဲ့နည်းလမ်းဖြစ်ပါတယ်။

**မေး ။ ။ ဆရာခင်ဗျာ ဖနောင့်မှာ သံစူးတာ နှစ်ရက်ရှိပါပြီ။ ခုံဖိနပ်နဲ့ ဆားရိုက်သိပ်ရမယ်ဆိုလို့ သိပ်ထားပါတယ်။ ပြည်တည်သလို ကိုက်နေလို့ပါ။ ဘယ်လိုပြုလုပ်ရမယ်ဆိုတာ ဆေးနည်းသိလိုပါတယ် ဆရာ။**

ဖြေ ။ ။ သံစူးရင် အနာမရင်းစေဖို့၊ မေးခိုင်ပိုးမဝင်စေဖို့ ကာကွယ်ဆေးထိုးရပါမယ်။ ဆေးရုံဆေးခန်းနဲ့ ဝေးတဲ့နေရာမှာဖြစ်ရင် အောက်ပါနည်းလမ်းတွေကို အသုံးပြုပါ။

- သံစူးရင် သံပရာသီးစိမ်းနဲ့ချက်ချင်းပွတ်ပါ။
- ကြက်သွန်နီဥကိုထောင်း အနာဝမှာ အုံစည်းထားပါ။
- ကုက္ကိုရွက်၊ ပိစပ်ရွက်ပြုတ်ရည်တွေနဲ့ အနာဖန်ဆေးပါ။ သံပရာရည်နဲ့ ပျားရည်ကိုရောစပ်ပြီး သံစူးရာအတွင်းကို ဝင်နိုင်သမျှ ဝင်အောင်ထည့်ပါ။

**မေး ။ ။ ဆရာကြီးရှင့် မရိုမသေ တစ်ခုလောက် မေးခွင့်ပြုပါရှင့်။ သမီးက အသက် ၃၀ ပါ။ ကိုယ်ဝန်က ခြောက်လထဲမှာပါ။ ဝမ်းတအားချုပ်လို့ပါ။ တော်ရုံဆေးနဲ့ ဝမ်းမသွားပါ။ အသိတစ်ယောက်က ပေးတဲ့ ဝမ်းသွားဆေးတစ်ခုရပါတယ်။ ဆေးထဲမှာဖတ်ကြည့်တော့ ရင်းပြားဆိုတဲ့ ဆေးတစ်မျိုးပါဝင်တာ တွေ့ရပါတယ်။ ကိုယ်ဝန်ဆောင်နဲ့ သင့်၊ မသင့် သောက်လို့ဖြစ်၊ မဖြစ် သိလိုပါတယ်ရှင့်။ ဝမ်းမချုပ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာလဲ ညွှန်ကြားပေးပါရှင့်။**

ဖြေ ။ ။ ရှေးတိုင်းရင်းဆေးဆရာကြီးတွေအဆိုအရ "ရင်းပြားတစ်ပဲ၊ ထင်းတစ်လှည်း" လို့ အဆိုရှိပါတယ်။ ရင်းပြားတစ်ပဲသားသောက်ရင် ထင်းတစ်လှည်းစာမီးလှုံတာနဲ့အတူတူပဲလို့ ဆိုတာပါ။ ရှေးက ကလေးမီးဖွားပြီးရင် မီးဖိုနားမှာနေပြီး မီးနေသည်အဖြစ် တစ်ပတ်ကြာအောင်နေရပါတယ်။ တကယ်လို့ မီးနေသည်အဖြစ် နွေရာသီမှာပူလို့ မီးမလှုံချင်ရင် ရင်းပြားဆေးတစ်ပဲသား ဆရာက ပေးတိုက်လေ့ရှိတယ်လို့ဆိုတာပါ။ ရင်းပြားက တအားပူတယ်။ ကိုယ်ဝန်နဲ့ရင် မတည့်ပါ။ တိုင်းရင်းဆေးမှာ ရင်းပြားတို့၊ ကနခိုတို့၊ မင်းကိုကာတို့ဆိုတာဟာ ဆေးပူတွေပါ။ ဝမ်းသွားတဲ့ဆေးထဲထည့်ရင် ဝမ်းအလွန်လျှောပါတယ်။ ကိုယ်ဝန်ဆောင်တွေ ဝမ်းမချုပ်အောင် နေ့စဉ်လမ်းများများ လျှောက်ပေးရပါတယ်။ ဝမ်းချုပ်တဲ့အခါလဲ အူကို မထိခိုက်တဲ့ဆေးစားပါ။ သဘော်သီး၊ ငှက်ပျောသီးမှည့်တွေ စားပေးပါ။ တော်ရုံ ဝမ်းသွားတဲ့ မန်ကျည်းမှည့်ဖျော်ရည် သောက်ပါ။ ဝမ်းအလွန်ချုပ်ရင်တောင် အူမကြီးကိုမထိခိုက်တဲ့ ဆားခါးသောက်ပေးပါ။ ပရဆေးဆိုင်တွေမှာ မေးဝယ်ပါ။ အင်္ဂလိပ်ဆေးဆိုင်တွေမှာလဲ ဆားခါးကို Apson Salt ဆိုပြီး အထုပ်ကလေးတွေ ရောင်းတတ်ပါတယ်။ ဆားခါးကို ဟင်းစားဇွန်းနှစ်ဇွန်းသောက်ပေးရင် ဝမ်းဖြောဖြောသွားပါတယ်။ မန်ကျည်းဖျော်ရည်မှာ ဆားခါးရောစပ်ပြီး သောက်ရင်လဲ ရပါတယ်။ ဆားခါးက လူကို ဥပဒ်မပေးပါ။ အူကိုသန့်ရှင်းစေပါတယ်။ သွေးတိုးရှိသူတွေလဲ သောက်သုံးနိုင်ပါတယ်။

# ဓနုဖြူမြို့နယ်တွင် အထွက်နှုန်းကောင်း ဆင်းသုခမိုးစပါးဧက ၇၀၂၀၀ ပြန်လည်ရိတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်




**ဓနုဖြူ ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် အထွက်နှုန်းကောင်း ဆင်းသုခစပါး ဧက ၇၀၂၀၀ ကို ပြန်လည်ရိတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီက အထွက်နှုန်းကောင်း ဆင်းသုခစပါးဧက ၇၀၂၀၀ ကို ဇွန်လနှင့်ဇူလိုင်လတို့က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့်အထွက်နှုန်းကောင်း ဆင်းသုခစပါးဧက ၇၀၂၀၀ ကို ပြန်လည်ရိတ်သိမ်းလျက်ရှိပြီး တစ်ဧကလျှင် စပါး ၈၉ တင်းမှ ၉၄ တင်းထိထွက်ရှိကာ အထွက်နှုန်းကောင်းမွန်နေကြောင်း၊ ယခင်နှစ်က မိုးစပါး တစ်ဧက ၈၇ တင်းမှ ၈၈ တင်းထိသာ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးစပါးလျာထားချက်ထက် သုံးဆကော ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးလျာထားချက်ပြည့်မီကျော်လွန်တဲ့ထိ စိုက်ပျိုးနိုင်ဖို့နဲ့ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက လယ်မြေတွေထိ ကွင်းဆင်းပြီး အသိပညာပေးလုပ်ငန်းတွေကို စပါးတွေမစိုက်မီ ကြိုတင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်။ ဒီနှစ် ဓနုဖြူမြို့နယ်အတွင်းမှာ မိုးစပါးလျာထား ၉၈၉၈၅ ဧကလျာထားစိုက်ပျိုးခဲ့ပါတယ်။ မိုးစပါးလျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး ၉၈၉၈၈ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ မိုးစပါး ၉၈၉၈၈ ဧကထဲမှာ အထွက်နှုန်းကောင်း ဆင်းသုခစပါးကို အများဆုံးစိုက်ပျိုးခဲ့တယ်။ လက်ရှိ မိုးစပါးတွေအားလုံး ပြန်လည်ရိတ်သိမ်းနေတယ်။ ရိတ်သိမ်းနေတဲ့ မိုးစပါးတွေကလဲ အထွက်နှုန်းကောင်းနေတယ်"ဟု ဓနုဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မြစ်ကြီးနားမြို့နယ် လွဲခေါ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မြစ်ကြီးနား ဒီဇင်ဘာ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်ကြီးနားမြို့နယ် လွဲခေါ်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုများကို ဒီဇင်ဘာ ၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဘုန်းလင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှနှင့် ဝန်ထမ်းများက လွဲခေါ်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့နယ် လွဲခေါ်ကျေးရွာတွင် မြေသားလမ်းအရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေနှင့် ခွဲကျောက်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်တွင် ကွန်ကရစ်တံတား၊ Box Culvert၊ Pipe Culvert တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၅၇ ဒသမ ၄၆၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် New WP ကုမ္ပဏီက ယခုနှစ် ဩဂုတ်လ တတိယပတ်က လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်ဒေသထွက် ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်အရောက် တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ ကျေးရွာသုံးရွာမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



**ကျော်စောဦး(မောရှမ်းမြေ)**

# ဟိုပုန်းမြို့နယ် လုံဟေးကျေးရွာ၌ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်းဖွင့်

**ဟိုပုန်း ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံမော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက လုံဟေးကျေးရွာ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင် ဦးခွန်လှသိန်းက အမှာစကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ ဦးစီးမှူး ဒေါ်လွင်လွင်ဦးက သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပေးသော ဆိုင်ကယ်ပြုပြင်နည်း အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချနိုင်ရန် ကြိုးစားသင်ကြားစေလိုကြောင်း၊ ဦးစီးဌာနမှ ရှေ့ဆက်လက်ဖွင့်လှစ်မည့် သင်တန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်က သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံသို့ အသီးသီးလွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါအသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းသို့ ဟိုပုန်းမြို့နယ်အတွင်းရှိ လုံဟေးကျေးရွာ၊ ထမ်းဖရားကျေးရွာ၊ ပန်မားကျေးရွာ၊ ခိုလိုင်ကျေးရွာနှင့် နောင်ယားဆိုင်းကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ဆိုင်ကယ်ပြုပြင်နည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာ နှစ်ဦးက စာတွေ့၊လက်တွေ့နှစ်မျိုးစလုံးဖြင့် ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၀ ရက်ထိ ရက် ၃၀ကြာ (အခမဲ့) သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်နိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂-၁၂-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၇၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၄၈၀၀၀ |
| **(ဓွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Maha Thray Sithu Min Aung Hlaing addresses Passing-out Parade of the 64th Intake of Defence Services Academy



Senior General Maha Thray Sithu Min Aung Hlaing takes the salute of cadet companies.

**Nay Pyi Taw December 2**

The Passing-out Parade of the 64th Intake of Defence Services Academy was held at the parade ground of DSA in PyinOoLwin this morning with an address by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Maha Thray Sithu Min Aung Hlaing.

Also present at the ceremony together with the Senior General were wife Daw Kyu Kyu Hla, Chief of General Staff (Army, Navy and Air) General Thiri Pyanchi Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Zeya Kyawhtin Moe Aung and wife, Commander-in-Chief (Air) General Zeya Kyawhtin Tun Aung and wife, senior military officers from Office of Commander-in-Chief, Union ministers, the chief minister of Mandalay Region and wife, military attaches of foreign missions in Myanmar, the DSA commandant, officials of PyinOoLwin Station, officer instructors and faculty members of the academic wing and training wing of DSA, who are the guardians of the cadets, and guests.

First, the cadet companies saluted the Senior General with slow-march past and quick-march past. The Senior General presented Best Cadet Award to Cadet No. 35035 Cadet Tun Lin Kyaw, Excellent Award in Training to Cadet No. 35042 Cadet Nay Lin Soe, Excellent Award in Studies (Arts) to Cadet No. 34985 Cadet Zwe Nyi Min Paing, Excellent Award in Studies (Science) to Cadet No. 35214 Cadet Myo Min Aung and Excellent Award in Studies (Computer Science) to Cadet No. 35224 Cadet Thurein Soe.

In his address, the Senior General said the nurture of military junior leaders in pursuit of the aim of the academy **"To produce well-rounded and calibred officers for Tatmadaw (Army, Navy and Air)"** is to serve the state responsibility as the fundamental task in the respective units. Our Tatmadaw came into existence in parallel with the Independence struggle. Tatmadaw was initially established by General Aung San, the father of Tatmadaw as Burma Independence Army (BIA) and then it was subsequently transformed into Burma Defence Army (BDA), Burma National Army (BNA), Patriotic Burmese Force (PBF) and Burma Army. Tatmadaw being a vanguard of the people made a tryst with destiny for Independence in the full measure since the repulsion to colonialists and the anti-fascist movement.

**The nurture of comrades in the Defence Services Academy to shoulder state responsibility is just a basic concept. And it has to be implemented by using the composure of the practical life and that accumulation in the respective designation.** Consequently, comrades need to practise the sixteen characteristics of leadership promulgated by Tatmadaw.

It is needed to precisely abide by not only military procedures, rules and regulations as military personnel but also laws and orders of the country as a citizen. Furthermore, every single individual also has to abide by the law of war being practised by the international society. Tatmadaw would be in full strength and the trustworthiness of all ethnicity could also be achieved through self-discipline. Comrades, therefore, are to uplift ways of living with the act of being respectful towards promulgated rules and regulations, good morale and morality, and obedience. Furthermore, I would like to urge that **the virtuous traditions of Tatmadaw being stood as a well-disciplined institution and the best exemplification of discipline are to be constantly preserved**.

Our Tatmadaw personnel are the ones who vow the Four Oaths every day. I would like to urge that it is necessary to protect the country with a sturdy nationalistic fervour nevertheless whosoever is tempted to destroy our Tatmadaw with the incitements. **The ongoing training is going to be practised to fulfil the physical prowess and similarly, the lifelong learning on the branches of literature dealing with knowledge and catering to aesthetic enjoyment is needed to be dedicated to achieving the mental prowess.**

As knowledge and literacy gained from the books and branches of literature can enrich the mindset of the comrades, morale and morality will be consequently improved via self-control. Training is the cornerstone for a capable army as well as the most essential task for our Tatmadaw. As the training motto goes **"Harder Training, Less Casualty"**, it is needed to strive for well-trained personnel. In pursuit of the Tatmadaw's training policy **"Be Fit, Be Competent, Be Bold"**, I would like to urge comrades to keep on practising to achieve physical and mental fitness. Therefore, according to the motto – **"Competency, Confidence and Bravery towards Victory"**, I would like to urge you to emphasize training but not to belittle it since it is the key to success.




Senior General Min Aung Hlaing inspects cadet companies.

Our Tatmadaw usually upholds "Our Three Main National Causes" –"Non-disintegration of the Union, Non-disintegration of the National Solidarity and Perpetuation of the National Sovereignty", and remains steadfast in its commitment to the Three Principal Duties – "Duty to defend the Nation, Duty to undergo training, Duty to serve the interests of the people".

**Let the country be led by any political system and government, Tatmadaw keeps on upholding Our Three Main National Causes as a national policy**. National defence means safeguarding the lives and property of the people at the bottom line and safeguarding Our Three Main National Causes denoted as the national duty at the utmost, and military personnel are shouldering defence duty with their consent for the sake of communal interests.

According to Section 20 (f) 2008 Constitution, Tatmadaw is mainly responsible for safeguarding Our Three Main National Causes and the Constitution. **Tatmadaw is going to serve those duties as a Guardian for the betterment of the country and the ethnic people within**.

According to the 2008 Constitution, Tatmadaw is mainly responsible for safeguarding the Constitution, *See Page 13*



Passing-out Parade of the 64th Intake of Defence Services Academy in progress.

*From Page 12*

Our Three Main National Causes, and the genuine and disciplined multiparty democratic system. Therefore, Tatmadaw's preventive measures in law against all misconducts leading to failing the constitution being referred to as the soul of the country and multiparty democratic system are the shouldering of obligatory responsibility.

During the temporary acceptance of the state responsibility, Tatmadaw formed the State Administration Council and laid down the Five-Point Road Map and the Nine Objectives for the development of the country in all sectors. I would like to say that **Tatmadaw puts strenuous efforts upon two-national agendas; the prosperous identity of the country and food self-sufficiency, and takes new steps towards achieving peace starting this year as the agenda for the perpetuation of national sovereignty and peace.**

It is unquestionable that our Tatmadaw fostered the multiparty democratic system desired by the people. Despite some divergent views in politics between the government and our Tatmadaw after the multiparty democratic system, our Tatmadaw with an aim of the development of the country collaborated with the government to strengthen the multiparty democratic system. After the temporary acceptance of the state responsibility in 2021 according to emergencies ignited by politics, Tatmadaw took action against the mischievous people towards the country.

**Those courses of legal action were only taken for the violation of the law without taking the political means into account. It is witnessed that no one is above the law.**

Some people already taken by legal action were granted the entitlement of commutation and amnesty to be able to collaborate on the development of the country. These acts were carried out by the state in a decent manner for the betterment of the country. Our Independence would have reached 75 years of tenure on the upcoming 4th of January.

A variety of government bodies and administrative systems have been practised to build the country since the Post-Independence. The efforts of any assigned duties for the betterment of the country were etched in the annals of history. Therefore, the country with a heartfelt appreciation conferred honorary awards, titles and medals to those who devoted themselves to the betterment of the country throughout 75 years. No matter how different the views are, they are the ones who contributed to the betterment of the country.

It can be witnessed that different administrative systems have been practised for a 75 year-tenure. **Through historical experience, it is not enough to foster a multiparty democratic system alone in our nation-building, and it can be seen that the building of a Union system in the oneness of opportunity through a peaceful co-existence of multiethnicity is the most reliable system for our country.** Thus, it is needed to build the Union based on the democratic and federal system.

Democracy is a system of government chosen by all the eligible members of the state, typically through elected representatives. The federal system is a concept of dividing up the authoritative power on concerted efforts of the ethnic groups from different regions and states and is also a system of living in unison and sharing equal opportunities.

In a definition of the Union system based on the democratic and federal system, the administrative system selected by the people in the Union is meant for **living in unison and the entitlement of adopting legislation in the respective states and regions according to the Constitution.**

It is needed to abide by the Constitution and promulgated laws regardless of the status of the person, institution and designations. The fundamental to underpin the genuine and disciplined multiparty democratic system is to hold a free and fair multiparty democratic general election. The administrative mechanism of the country has to be operated by the establishment of respective Hluttaws and government bodies according to electoral results.

Therefore, I would like to leave a word that the eligible candidates are required to be elected on behalf of the respective ethnic groups, regions and social stratification in forthcoming elections, and the election is needed to be held without any space left across the country. The State Administration Council is trying to design nation-building as a national affair, but not meant for politics.

**In the unpeaceful regions, not only the development will be far apart but the economy, social life, health and education of inhabitants will also be lagged far behind.** It is known that there is no racial discrimination at all in our Tatmadaw composed of multi-ethnicity, and the development of the country and the socio-economy of the ethnicity are of main concern to Tatmadaw.

Being laid down the Six Peace Principles to achieve internal peace, therefore, our Tatmadaw together with the government and the people made a strenuous effort on achieving peace with Ethnic Armed Organizations (EAOs) based on the true Union Spirit.

In the implementation of the peace process, the basis of two agendas; the Nationwide Ceasefire Agreement (NCA) and the 2008 Constitution are being fundamentally conducted. In the discussion and peace dialogue with EAOs to promote the peace process in a practical way, the absolute necessity for the region and country is being negotiated through the Union Spirit. Satisfactory results have been achieved for the country and people through those dialogues.

Since it will be performed in accord with two political agendas; the strengthening of the genuine and disciplined multiparty democratic system, and the democratic and federal system, our **Tatmadaw cordially invited to pave the way to non-signatory EAOs in NCA.** Therefore, I would like to urge comrades to embrace Our Three Main National Causes policy and to partake in any assigned tasks while achieving nationwide everlasting peace for the establishment of the Union based on the integration of the democratic and federal system.

As would-be junior leaders, all should practise in act of the good qualities of leadership and abide by the law, order, duty and regulations and **should put an effort to become the well-rounded and calibred leaders of the future uplifting the prestige of the academy.**

After taking salute from the cadet companies, the Senior General left the parade ceremony.



Dignitaries attend the Passing-out Parade of the 64th Intake of DSA.

After the parade ceremony, the Senior General met with five cadets who won outstanding awards at the parlour of the headquarters of the DSA and spoke words of honour.

In his praise of the outstanding cadets, the Senior General said that they won the outstanding awards as they had tried very hard for the past four years in their educational and military lessons and good discipline. **They must maintain their good basic habits of exercising self-control and having good discipline and continue to try hard for the rest of their life.** They must continue to make efforts and exercise self-control, so that they will not to lose sight of their individual goal and can protect the country and Tatmadaw from facing losses as the goal can be lost before reaching it for the failure to continue their efforts.

*See Page 14*



Attendees seen at the ceremony.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets coffee entrepreneurs from PyinOoLwin


Senior General Min Aung Hlaing meets coffee entrepreneurs in PyinOoLwin.

**Nay Pyi Taw December 2**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing met coffee entrepreneurs from PyinOoLwin in Mandalay Region at the town hall of PyinOoLwin this morning and discussed coffee cultivation.

Also present were SAC Joint Secretary Lt-Gen Ye Win Oo, Union Ministers U Hla Moe and U Khin Maung Yi, Mandalay Region Chief Minister U Maung Ko, senior military officers from the Office of the Commander-in-Chief, the Central Command commander, members of the Mandalay Region government and departmental officials from PyinOoLwin District.

### Reports on cultivable land use, ground surveys and general requirements

First, Director General of the Agriculture Department Dr Ye Tun explained coffee cultivation and production in Myanmar, exports, the cultivation of coffee and other crops in PyinOoLwin Township, use of cultivable land and ground surveys, and supervisory measures in line with the law, rules and procedures to ensure systematic cultivation of coffee on allotted land.

Next, the coffee entrepreneurs in attendance reported on sales of coffee in local and international markets and requirements for coffee cultivation and production, systematic reviews of construction of designated buildings in relation to coffee growing and coffee production on the allotted land and coffee tax reliefs, use of vehicles for business purposes, coffee cultivation and needs for capital loans.

### Discussion in response to the reports

The Senior General said the coffee project has been implemented since the time of the Tatmadaw government. He had to put the project under review and scrutiny when taking office to make it successful. The Ministry of Agriculture, Livestock and Irrigation needs to make sure that coffee is grown on all project land plots and take supervisory measures in accord with the law and rules for systematic cultivation.

Coffee cultivation in PyinOoLwin contributes to regional development and economy, so efforts will be made for greater success. Taxation measures will be reviewed and taken to create an eco-tourism based on coffee cultivation. GAP certificates are being issued, and with progress in good practices, there will be tax reliefs, the Senior General said.

### Union ministers' discussions of coffee growing in PyinOoLwin Township

Union Minister for Cooperatives and Rural Development and for Agriculture, Livestock and Irrigation U Hla Moe and Union Minister for Natural Resources and Environmental Conservation U Khin Maung Yi explained government assistance for coffee growing in the townships to fulfil the needs for entrepreneurs, needs for actual growing of coffee and no other purposes on the allotted land, supervisory measures taken for those entrepreneurs who failed to follow the rules and regulations by repeatedly issuing warnings, and needs for seeking coordination with relevant ministries for techniques, inputs and capital loans necessary for coffee growing.

### Encourage manufacturing businesses depending on locally available raw materials

The Senior General said nationwide inspection tours are being made for MSME development and national economic growth and there have been about 10 tours. As part of the effort, frequent meetings have been held with coffee entrepreneurs in PyinOoLwin to discuss necessary matters and fulfil the requirements. MSME development requires for factors: raw materials, inputs, capital and human resources. In doing business, it is necessary consider production, trade and service. In meeting with MSME entrepreneurs from various regions and states, they reported on difficulties acquiring raw materials and human resources. Difficulties will remain if raw materials are imported instead of local sources. There will be difficulty with sustainable production. Therefore, manufacturing businesses relying on locally produced raw materials must be encouraged.

### Seed, Land, Water and Technology

It is mainly necessary to ensure quality seeds, good land, adequate water, and correct technology in operating agricultural enterprises. Regarding coffee, there are parts of agriculture, production and trade. Before the beginning of cultivating coffee, it is necessary to take a long-term view and consider meeting the set number of coffee plants in the cultivated area and production.

Only if quality seeds are chosen to be cultivated, will there be good in terms of yield and quality. Land preparation is to be carried out for good cultivation land. Coffee is in favour of wet season and water availability is necessary too. Fertilizer feeding is to be systematic and correct. Animal waste from local livestock enterprises is to be beneficially used for making bio-fertilizer. It is necessary to make systematic use of agricultural technologies. Capital investment is huge in the coffee cultivation industry. As it is a long-term business giveing time, success must be achieved in this industry with a constant observation on local and overseas markets.

It should not be happy with a conventional way of cultivating coffee. There must be systematic cultivation and it is necessary to place the required inputs. If doing so, quality coffee could be produced and the government will cooperate in acquiring markets for coffee products and ensuring quality products as well.

### Efforts necessary to achieve success as coffee industry is beneficial to region and nation

Our nation has plenty of agricultural products. There are seasonal crops, perennial crops and industrial crops in the country. Coffee is one of the perennial crops with a world-wide consumption market. Therefore, if success is achieved in this industry, coffee is beneficial to the region as well as the nation. It is necessary to cultivate coffee in accordance with the set rules and regulations too. Effective measures are to be taken for ensuring success.

The nation has about 49000 acres of coffee. If there is an increase in the per acre yield, the gains will be different. It is to prefer to give more encouragement to having an increase in per acre yield rather than extension of cultivated acres. Increase in per acre yield will be coming along with more individual income. There will be an increase in the nation's income too. If coffee products are able to be imported, there will be more foreign exchange earnings and of help to the development of the nation.

If value-added products could be manufactured and exported in local agricultural livestock enterprises, there will be more gains. Arrangements will be made to export value-added products through UMFCCI. I will be making arrangements for marketing Myanmar's coffee. To have markets for our products, it is necessary to do advertising campaigns. To meet the requirements for markets, a quality production process is necessary. It is necessary to meet not only local demand of consumption as well as quality requirements.

Aimed to encourage local commodity production, substitute imports, be export items, MSMEs are being encouraged. With regard to loans, the State offers lower interest rates than foreign nations'. Arrangements are underway to disburse loans to ensure development of MSMEs. Loans will be disbursed to coffee cultivating enterprises at an appropriate interest rate.

Our nation has to import edible oil and fuels yearly. Fuels and fertilizers are imported for the agriculture industry. We are making efforts to be able to produce adequate chemical fertilizer for domestic consumption. It is urged to use natural fertilizer. I will be giving a hand for the development of the coffee cultivation industry as much as I can do.

After the meeting, the Senior General and party cordially met entrepreneurs in the coffee industry. 100

---

*From Page 13*

**Only good leaders can lead a country and armed forces and they must work in cooperation with the subordinates.** So, they must maintain the good results of their training throughout their life. After being commissioned, they must exercise self-control as the under-training period has ended. Self-control is important, and lack of self-control will lead to immense losses.

As parents of the outstanding cadets are farmers or ordinary persons, cadets must pay back the debt of gratitude they owe to their parents who had nurtured them to become outstanding. **They must never forget the gratitude they owe to Tatmadaw and DSA which had trained them to become junior military leaders during the four-year period.** They should listen to their parents as it amounts to paying back their gratitude they owe to them. Likewise, having self-control and discipline also amount to paying back their gratitude they owe to the country and Tatmadaw. They must never forget the Three Gems. They must stay away from exercising self-indulgence. They must live as models in leading their subordinates. 100

# SAC Chairman Prime Minister Senior General Min Aung Hlaing inspect maintenance of National Kandawgyi Garden, Pwekauk Waterfall


Senior General Min Aung Hlaing hears report on maintenance tasks.

**Nay Pyi Taw December 2**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Council Joint Secretary Lt-Gen Ye Win Oo, Union Ministers U Hla Moe and U Khin Maung Yi, senior military officers from the Office of the Commander-in-Chief, Commander of Central Command Maj-Gen Ko Ko Oo and party, this afternoon inspected maintenance of the National Kandawgyi Garden in PyinOoLwin.

At the briefing hall, officials reported on facts and figures on the garden, lesser water sources at the lakes for deforestation in the garden, lack of water at natural springs, high temperature, lesser inflow of water at inlet channels and other matters which called dryness in the lakes of the garden, inspection of water inlet channels, swamps and underground drains in the garden in accord with the guidance of the Senior General on his inspection tour in 2021 for ensuring proper flow of water into the lakes in the garden, maintenance of the garden by workers and arrangements to hold the 15th flower festival.

In his response to the reports, the Senior General said as the National Kandawgyi Garden is beautiful with water and flowery plants, it is called the Kandawgyi Garden. The lifeblood of the garden is lakes. Only when lakes must be prepared with beautifying works and storing water in the lakes can visitors be attracted. The Senior General stressed the need to coordinate measures on inflow of water and storage between local authorities and relevant ministries.

The Senior General noted that lakes can be identified as manmade lakes and natural ones. Lakes in the garden can be inclusive of both types. As PyinOoLwin is identified as hill resort, cherry city and flowery city, it is necessary to grow domestic species of flowery plants in the garden. As the garden maintains flowery plants all the year round, these flowers will attract travellers for giving pleasure. Flowers make human fresh and the water surface of the lake bringing cold and breeze water can give pleasure to the travellers. The Senior General instructed officials to carry out greening of the Kandawgyi Garden and ensure proper flow of water into the lakes.

The Senior General and party viewed round the National Kandawgyi Garden by car and inspected progress of the spillway at the Kandawlay Lake.

As lesser volume of water flowed into lakes in the National Kandawgyi Garden in previous years, the Senior General on his inspection tour of PyinOoLwin in September and December 2021 and April 2022 gave guidance on proper flow of water into the lakes in the garden and watershed area and inspected natural springs including Nyaungni spring. As such, the Kandawgyi Lake stores 31 feet and eight inches deep of water level this year compared to 16 feet deep of water last year. No 1 lake stores 6.5 feet deep of water against 6 feet deep of storage capacity, No 2 lake seven feet meeting the target and No 3 lake 8.8 feet deep of water against 11 feet deep of water, and water resource maintenance is being carried out.

On the morning of 1 December, the Senior General visited the Pwekauk waterfall resort (BE Fall).

Chairman of Myanmar Economic Corporation Lt-Gen Nyo Saw reported on the brief history of the BE Fall, progress of works, public relaxation, preparations to expand the jungle walkway, and construction of sky cable. The Senior General stressed the need to beautify the fall for public relaxation and clean the walkway in the jungle.

The Senior General cordially greeted the people who took relaxation at Pwekauk Waterfall Resort (BE Fall) after inspecting progress of Sky Cable.

After enjoying the elephant clever show and fed them. Next, the Senior General inspected the jungle walkway for travellers to enjoy natural beauties of the jungle and the site for sky cable landing area.

Pwekauk Waterfall was not set in systematic layout plan. There were many shops and undisciplined littering and cutting trees cause environmental degradation. In accord with the guidance of the Senior General on his inspection tour, the waterfall was upgraded. Water from the fall uses the natural water treatment system for the people to take healthy relaxation. The resort is formed with three inner waterfalls and the world class LED glass bridge was built there to view the scenes under the bridge. As it is flowery city as well as tourism city, various species of flowery plants is grown and flower festivals are held yearly. The area is facilitated with the glass bridge, suspension bridge, lod house, coffee shop, jungle walkways, relaxation centres and playgrounds. At present, a 554 metres long sky cable is under construction to commission it into service soon. 100

# Graduation dinner of 64th Intake of Defence Services Academy held


Senior General Min Aung Hlaing attends graduation dinner of 64th Intake of DSA.




**Nay Pyi Taw December 2**

The graduation dinner of the 64th Intake of the Defence Services Academy (DSA) was held at the mess of the Anawrahta Battalion of the DSA in Pyin Oo Lwin this evening and Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attended the dinner.

Also present together with the Senior General were Daw Kyu Kyu Hla, the wife of the Senior General, Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief General Tun Aung and wife, senior officers from the Office of the Commander-in-Chief and wives, union ministers, the chief minister of Mandalay Region and wife, the commander of the Central Command, the commandant of the DSA, officers from the Pyin Oo Lwin Station, guardian officers from the academic department of the DSA on behalf of the parents of graduate officers and invited guests.

First, the Senior General cordially greeted the individual graduate officers. Then, the Senior General and party enjoyed the dinner together with the attendees.

Before and during the dinner, the Myawady Band of the Directorate of Public Relations and Psychological Warfare entertained the guests with music and the Senior General and party enjoyed the music. 100


Senior General Min Aung Hlaing takes the salute of graduate officers.





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄)မှ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ငါးဦးအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

မျှဝေခံစားခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ဟုဆိုရာတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများက ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်တွင် **ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အခြေခံဥပဒေအရ ပြဋ္ဌာန်းခွင့်များရရှိမည်ဖြစ်**ကြောင်း။

မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းထားသည့်ဥပဒေအတိုင်း လေးစားလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရန် အခြေခံသည် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြစ်ကြောင်း၊ ရွေးကောက်ပွဲမှတစ်ဆင့်ရရှိလာသည့်ရလဒ်များအရ လွှတ်တော်အသီးသီးနှင့်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းတည်ဆောက်ပြီး နိုင်ငံတော်ယန္တရားကို လည်ပတ်ကြရကြောင်း။

ထို့ကြောင့် နောင်ပြုလုပ်မည့် ရွေးကောက်ပွဲများတွင် တိုင်းရင်းသားများ၊ ဒေသများနှင့် နိုင်ငံအနှံ့လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုသည့်သူများ ဝင်ရောက်အရွေးချယ်ခံနိုင်ရန်နှင့် နိုင်ငံအနှံ့အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးလုပ်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်သည့် တိုင်းပြည်တည်ဆောက်ရေးကို ပုံဖော်နေခြင်းဖြစ်ကြောင်း။

**ငြိမ်းချမ်းမှုမရှိသည့်ဒေသတွင် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ အလှမ်းဝေးနေမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များလည်း နိမ့်ကျနေမည်ပင်ဖြစ်**ကြောင်း၊ တိုင်းရင်းသားပေါင်းစုံနှင့် စုစည်းထားသည့် မိမိတို့တပ်မတော်အနေဖြင့် လူမျိုးရေးခွဲခြားမှုဆိုသည်မှာလုံးဝမရှိဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားများ၏ လူမှုအကျိုးစီးပွားတိုးတက်မှုကိုသာ အဓိကလိုလားသည်ကိုအားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တပ်မတော်အနေဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ကို ချမှတ်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ အားသွန်ခွန်စိုက်ကြိုးပမ်းနေခြင်းဖြစ်ကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင်လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ဟူသည့် အခြေခံအချက်နှစ်ခုအပေါ်တွင်အခြေခံပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျတိုးတက်လာနိုင်စေရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာတွင် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ဒေသနှင့် တိုင်းပြည်အတွက် ပကတိလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ ထိုသို့ဆွေးနွေးရာတွင်လည်း ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ရလဒ်ကောင်းများ ရရှိခဲ့ကြောင်း။

ထို့ပြင် နိုင်ငံရေးလုပ်ငန်းစဉ် နှစ်ရပ်ဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံပြီး ဆောင်ရွက်သွားမည်ဖြစ်ခြင်းကြောင့် NCA**မှာ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကိုလည်း တပ်မတော်အနေဖြင့် တံခါးဖွင့်ပေးထားပြီး ကြိုဆိုလျက်ရှိ**ကြောင်း၊ ထို့ကြောင့် ဒွိတာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖော်ဆောင်နိုင်ရန်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် မိမိကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။



စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကို တွေ့ရစဉ်။

ခေါင်းဆောင်ငယ်များ ဖြစ်လာကြမည့်သူများဖြစ်သည့်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ ကျင့်ကြံအားထုတ်နေထိုင်ပြီး **အမိစစ်တက္ကသိုလ်၏ဂုဏ်ကိုဆောင်နိုင်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် နောင်တစ်ခေတ်၏ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လို**ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ငါးဦးကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် သင်တန်းတက်ရောက်ရသည့် လေးနှစ်တာကာလတစ်လျှောက်လုံး စာပေပညာ၊ စစ်ပညာတို့တွင် ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြခြင်းဖြစ်ကြောင်း၊ **မိမိဘဝတိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကိုထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှုစသည့် အခြေခံအလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ဘဝတစ်လျှောက်လုံး ခေတ်ဆက်မပြတ်ဆက်လက်ကြိုးစားအားထုတ်သွားကြရမည်ဖြစ်**ကြောင်း၊ ကြိုးစားအားထုတ်မှုကို ဆက်လက်ထိန်းသိမ်းနိုင်မှုမရှိပါက ပန်းတိုင်မရောက်မီ လမ်းခုလတ်၌ ဆုံးရှုံးမှုများကိုဖြစ်ပေါ်စေနိုင်သည့်အတွက် မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ မျှော်မှန်းချက်များ မဆုံးရှုံးစေရန်၊ တိုင်းပြည်နှင့် တပ်မတော်အတွက် ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် မိမိကိုယ်ကိုထိန်းသိမ်းနေထိုင်၍ ဆက်လက်ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

**ခေါင်းဆောင်မှုကောင်းမှသာလျှင် နိုင်ငံတစ်ခု၊ တပ်မတော်တစ်ရပ်ကို ဦးဆောင်နိုင်မည်ဖြစ်ပြီး နောက်လိုက်ကောင်းများနှင့် အတူပူးပေါင်းဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် သင်ကြားပေးလိုက်သည့် ရလဒ်ကောင်းများကို ဘဝတစ်လျှောက်လုံး ဆက်လက် ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ ပြန်တမ်းဝင်အရာရှိခန့်အပ်ပွဲပြီးပါက Under-Training ကာလပြီးဆုံးပြီဖြစ်ပြီး မိမိကိုယ်ကိုထိန်းသိမ်းနေထိုင်မှု Self-Control ဖြင့်သာဘဝကိုလျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုစောင့်ထိန်းနိုင်မှုသည် အရေးကြီးပြီး စောင့်ထိန်းနိုင်မှုမရှိခြင်းကြောင့် ဆုံးရှုံးမှုကြီးမားခဲ့မှုများများစွာရှိကြောင်း။

ထူးချွန်ဆုရ ဗိုလ်လောင်းများ၏မိဘများသည် တောင်သူလယ်သမားများ၊ သာမန်အခြေခံမိသားစုများပင်ဖြစ်သည်ကို တွေ့ရှိရပြီး ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ငယ်စဉ်ကတည်းကပင် ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ကျေးဇူးကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ **ဗိုလ်လောင်းသင်တန်း လေးနှစ်တာကာလအတွင်း တပ်မတော်၏ ခေါင်းဆောင်ငယ်များဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ကျေးဇူးကိုလည်း မမေ့ရန်လို**ကြောင်း၊ မိဘများ၏စကားကို နားထောင်ခြင်း၊ မိဘကို စိတ်ချမ်းသာအောင်ထားရှိခြင်း၊ မိမိတတ်နိုင်သရွေ့ ကျွေးမွေးစောင့်ရှောက်ခြင်းတို့သည် မိဘကျေးဇူးကို ဆပ်ခြင်းပင်ဖြစ်သကဲ့သို့ မိမိကိုယ်ကိုထိန်းသိမ်းနေထိုင်ခြင်း၊ စစ်သားကောင်းတစ်ယောက်ပီသစွာနေထိုင်ကျင့်ကြံခြင်းအားဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ကျေးဇူးကို ဆပ်ရာရောက်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရတနာသုံးပါးလည်းမမေ့ရန်နှင့် စောင့်ထိန်းအပ်သည်များကို စောင့်ထိန်းလိုက်နာရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ရှေ့ဆက်လျှောက်လှမ်းရမည့် ဘဝတစ်လျှောက်လုံးတွင် မိမိကိုယ်ကို အလိုမလိုက်ရန်နှင့် မိမိလက်အောက်ကိုလည်း အလိုမလိုက်ရန်လိုကြောင်း၊ ခေါင်းဆောင်ကောင်းတစ်ယောက်ပီသစွာဖြင့် စံနမူနာပြဖြစ်အောင်နေထိုင်ပြမူပြီး မိမိလက်အောက်ကို ထိန်းသိမ်းစောင့်ရှောက်ကာ လိုအပ်သည်များ ထိန်းကျောင်းပေးရမည်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။



**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများကို တွေ့ရစဉ်။**

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊ လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် စစ်တက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲတွင် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကိုအတူတကွသုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲတွင် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲတွင် သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဗိုလ်လောင်းများကို ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနား ကျင်းပ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင် ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စိုက်ပျိုးရေးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင်ထွန်းက ကော်ဖီစိုက်ပျိုးထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။**

☆ **ကျောဖုံးမှအဆက်**

ကော်ဖီစိုက်ပျိုးရန်ခွင့်ပြုထားသည့် စိုက်ပျိုးမြေများပေါ်တွင် ကော်ဖီများ စနစ်တကျ စိုက်ပျိုးရေး စည်းကမ်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များက ပြည်တွင်းမှ ထွက်ရှိသည့်ကော်ဖီများ ပြည်တွင်းနှင့် ပြည်ပဈေးကွက်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိမှု၊ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းအတွက် ဆောင်ရွက်ပေးရန်လိုအပ်မှု၊ ကော်ဖီစိုက်ပျိုးမြေများတွင် စိုက်ပျိုးရေး၊ ထုတ်လုပ်ရေးနှင့်ပတ်သက်၍ သတ်မှတ်အဆောက်အအုံများ ဆောက်လုပ်မှုအပေါ် စနစ်တကျဖြင့် ပြန်လည်စိစစ်ပေးရန်လိုအပ်မှု၊ ကော်ဖီထွက်ကုန်များအပေါ် သင့်လျော်သည့် အခွန်သက်သာခွင့်ရရှိရန်လိုအပ်မှု၊ လုပ်ငန်းသုံး မော်တော်ယာဉ်များကိစ္စ၊ ကော်ဖီများစိုက်ပျိုးလျက်ရှိမှုနှင့် မတည်ချေးငွေများ ပံ့ပိုးပေးရန် လိုအပ်မှုတို့နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

**တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးပြောကြား**

ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကော်ဖီစီမံကိန်းကို တပ်မတော်အစိုးရ လက်ထက်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းအောင်မြင်စေရန်အတွက် မိမိတာဝန်ယူဆောင်ရွက်ချိန်တွင် ပြန်လည်စိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကော်ဖီစီမံကိန်းမြေများတွင် ကော်ဖီစိုက်ဧကများအလိုက် ပြည့်ဝစွာစိုက်ပျိုးရန်နှင့် စည်းကမ်းတကျရှိစေရေး စည်းမျဉ်းစည်းကမ်း၊ ဥပဒေများနှင့်အညီ စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

**ပြင်ဦးလွင်ဒေသ ကော်ဖီစိုက်ပျိုးရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစီးပွားရေးကို အထောက်အကူပြုသည့် လုပ်ငန်းဖြစ်သဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ ကော်ဖီစိုက်ပျိုးရေးနှင့်ပတ်သက်သည့် ECO Tourism ဖြစ်မြောက်စေရေးနှင့် အခွန်ကိစ္စများကို စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ GAP လက်မှတ်များကို စည်းကမ်းနှင့်အညီ စနစ်တကျထုတ်ပေးလျက်ရှိကြောင်းနှင့် အလေ့အကျင့်ကောင်းများ ရရှိလာသည်နှင့်အညီ ဖြေလျှော့မှုများပြုလုပ်ပေးမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက ပြင်ဦးလွင်မြို့နယ်အတွင်း ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြ**

ထို့နောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတို့က ပြင်ဦးလွင်မြို့နယ်အတွင်း ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ လုပ်ငန်းရှင်များတင်ပြသည့် လိုအပ်ချက်များကို အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ ကော်ဖီစိုက်ပျိုးရန် ရယူထားသည့် မြေဧရိယာများကို အမှန်တကယ် စိုက်ပျိုးမှုရှိရန်နှင့် အခြားနည်းဖြင့် အသုံးချမှုမရှိရန် လိုအပ်သည့်အခြေအနေများ၊ အမှန်တကယ်စိုက်ပျိုးမှုမရှိသည့် စာချုပ်ပါစည်းကမ်းများကို လိုက်နာခြင်းမရှိသည့် လုပ်ငန်းရှင်များပိုင်ဆိုင်သည့် ကော်ဖီစိုက်မြေဧရိယာများကို သတိပေးချက်များ အကြိမ်ကြိမ်ထုတ်ပြန်၍ ကြပ်မတ်ဆောင်ရွက်ခဲ့ရသည့် အခြေအနေများ၊ ကော်ဖီစိုက်ပျိုးရာတွင် လိုအပ်သည့် နည်းပညာနှင့် သွင်းအားစုများ၊ အရင်းအနှီးများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းရယူရန် လိုအပ်သည့် အခြေအနေများကို အသီးသီးတင်ပြကြသည်။

**ပြည်တွင်းမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတစ်ဝန်း လိုက်လံကြည့်ရှုအားပေး ဆောင်ရွက်လျက်ရှိရာ ၁၀ ကြိမ်မြောက်ရှိပြီ ဖြစ်**ကြောင်းနှင့် ယင်းလုပ်ငန်းတွင် တစ်ခု



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

အပါအဝင်ဖြစ်သည့် ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များကို မကြာခဏတွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးခြင်း၊ ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်း သည့် အချက်လေးချက်ဖြင့်**

**ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းသည် အရင်းအနှီးများ၏ ကာလရှည်လုပ်ငန်းဖြစ်ပြီး အချိန်တစ်ခုပေးရသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အောင်မြင်အောင်လုပ်ဆောင်ရမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပဈေးကွက်များကိုလည်း အမြဲမပြတ်လေ့လာနေရန်လို၊ ပြင်ဦးလွင်ဒေသ ကော်ဖီစိုက်ပျိုးရေးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစီးပွားရေးကို အထောက်အကူပြုသည့် လုပ်ငန်းဖြစ်သဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်...**

**ပြည့်စုံရန်လိုအပ်**ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုဟူ၍ ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ရာတွင် ကုန်ကြမ်းအခက်အခဲရှိမှု၊ လူသားအရင်းအမြစ်ကောင်းများလိုအပ်မှုတို့ကို တင်ပြကြကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သည့်ကုန်ကြမ်းကို ပြည်တွင်းမှ ကုန်ကြမ်းအစား ပြည်ပမှ မှာယူသုံးစွဲနေပါက အခက်အခဲများ ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပြီး စဉ်ဆက်မပြတ်သည့် ထုတ်လုပ်မှုဖြစ်နိုင်ရန် ခက်ခဲမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ပြည်တွင်းမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လို**ကြောင်း။

**မျိုး၊ မြေ၊ ရေ၊ နည်း**

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေကောင်းမွန်ရေး၊ ရေလုံလောက်စွာရရှိရေးနှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်ရန် အဓိကလိုအပ်ကြောင်း၊ **ကော်ဖီနှင့်ပတ်သက်၍ စိုက်ပျိုးရေးအပိုင်း၊ ထုတ်လုပ်ရေးအပိုင်း၊ ရောင်းဝယ်ရေးအပိုင်းဟူ၍ ရှိမည်ဖြစ်ပြီး တောင်စိုက်ပျိုးမှုမတောင်မီကပင် ရေရှည်ကိုကြည့်၍ ဆောင်ရွက်ရန်လို**ကြောင်း၊ စိုက်ဧကအတွင်း ဝင်ဆံ့နိုင်မည့် အပင်အရေအတွက် ပြည့်မီမှန်ကန်မှုရှိစေရေး၊ ကုန်ထုတ်လမ်းများပါဝင်ရေးတို့ကအစ စည်းစားဆောင်ရွက်ရန်လိုကြောင်း၊ **မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးမှသာလျှင် အထွက်နှုန်းနှင့် အရည်အသွေးလည်း ကောင်းမွန်မည်ဖြစ်**ကြောင်း၊ စိုက်ပျိုးမြေများ ကောင်းမွန်ရေးအတွက် မြေပြင်ဆင်မှုများကိုလည်း ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ကော်ဖီသည် စိုစွတ်သောရာသီဥတုကို ကြိုက်နှစ်သက်ပြီး ရေရရှိမှုလည်း ပြည့်မီရန်လိုကြောင်း၊ ဓာတ်မြေဩဇာ ကျွေးမွေးမှုလည်း စနစ်ကျနစွာ မှန်ကန်ရမည်ဖြစ်ပြီး မြေဩဇာအတွက် ဒေသတွင်းမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများဖြင့် ဇီဝမြေဩဇာများ ပြုလုပ်ကာ အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ စိုက်နည်းစနစ်များလည်း မှန်မှန်ကန်ကန်ဖြစ်စေလိုကြောင်း၊ **ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းသည် အရင်းအနှီးများ၏ ကာလရှည်လုပ်ငန်းဖြစ်ပြီး အချိန်တစ်ခုပေးရသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အောင်မြင်အောင်လုပ်ဆောင်ရမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပဈေးကွက်များကိုလည်း အမြဲမပြတ်လေ့လာနေရန်လို**ကြောင်း။

ကော်ဖီစိုက်ပျိုးမှုနှင့် ပတ်သက်၍ သာမန်စိုက်ပျိုးမှုဖြင့် ကျေနပ်နေ၍မရဘဲ စနစ်ကျနသည့် စိုက်ပျိုးမှုစနစ်ရှိရမည်ဖြစ်သကဲ့သို့ လိုအပ်သည့် သွင်းအားစုများကိုလည်း မှန်မှန်ကန်ကန် ထည့်သွင်းရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမှသာလျှင် အရည်အသွေးကောင်းမွန်သည့် ကော်ဖီရရှိမည်ဖြစ်ပြီး ကော်ဖီထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် အရည်အသွေးမြင့် ထုတ်ကုန်ဖြစ်စေရေး အစိုးရက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

**ဒေသနှင့် တိုင်းပြည်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်**

**မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးထုတ်ကုန်များ ရှိပြီး ရာသီသီးနှံ၊ နှစ်ရှည်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံဟူ၍ရှိ**ကြောင်း၊ **ကော်ဖီသည် နှစ်ရှည်သီးနှံတွင်ပါရှိပြီး ကမ္ဘာတစ်ဝန်း သောက်သုံးကြသည့် ဈေးကွက်ရှိသော သီးနှံတစ်ခုဖြစ်**ကြောင်း၊ **ထို့ကြောင့် အောင်မြင်အောင်ဆောင်ရွက်မည်ဆိုပါက ကော်ဖီသည် တိုင်းပြည်အတွက်၊ ဒေသအတွက် အကျိုးရှိမည့် လုပ်ငန်းတစ်ခုဖြစ်**ကြောင်း၊ **သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုးရန်လည်း လိုအပ်မည်ဖြစ်ပြီး ထိထိရောက်ရောက်ဖြင့် အောင်မြင်အောင်လုပ်ဆောင်ကြစေလို**ကြောင်း။

မိမိတို့ တစ်နိုင်ငံလုံးတွင် ကော်ဖီစိုက်ဧက ၄၉၀၀၀ ခန့်ရှိပြီး တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ရရှိလာသည့်အကျိုးအမြတ်သည်လည်း ကွာခြားသွားမည်ဖြစ်ကြောင်း၊ **စိုက်ဧကတိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်အောင်**

**စာမျက်နှာ ၂၁ သို့**

# တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲအတူတကွသုံးဆောင်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက နယ်မြေခံသင်တန်းကျောင်း၌ သင်တန်းသားများနှင့် အတူ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း နယ်မြေခံတပ်ရင်း၌ အရာရှိ၊ စစ်သည်များနှင့် အတူ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန်လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ်(Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ်(Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများအသီးသီး ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိက အခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၀၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၂၀၈၈ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၂၉၆ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့မှ စာသင်ကျောင်းများ၊



ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန်လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၂၀ မှအဆက်**

**ဆောင်ရွက်ခြင်းကို ပိုမိုအားပေးလို**ကြောင်း၊ **အထွက်နှုန်းများ တိုးတက်လာမည်ဆိုပါက ကော်ဖီမှရရှိသည့် ငွေကြေးများစွာ တိုးတက်လာမည်ဖြစ်ပြီး စိုက်ပျိုးတောင်သူများ၏ တစ်ဦးချင်းဝင်ငွေများ တိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်**ကြောင်း၊ ကော်ဖီထွက်ကုန်များကို ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ပြည်တွင်း၌ပင် တန်ဖိုးမြင့်ကုန်ချောအဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ပါက ယခုထက် ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြန်မာ့ကော်ဖီ ဈေးကွက်ရရှိရေး မိမိအနေဖြင့် စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် ကြော်ငြာခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ဈေးကွက်လိုအပ်ချက်ကို ပြည့်မီနိုင်ရေးအတွက်လည်း ထုတ်လုပ်မှုများကို အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းစားသုံးမှုကိုသာမက ပြည်ပသို့ တင်ပို့မှုအတွက်ပါ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရန်လိုကြောင်း၊ GAP နှင့် ISO လက်မှတ်များလည်း ရရှိအောင် လုပ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ပြည်တွင်းကုန်ထုတ်လုပ်မှုအားပေးနိုင်ရန်၊ ပြည်ပသွင်းကုန်အစားထိုးရန်၊ ပြည်ပပို့ကုန်ရရှိစေရန် စသည့်အချက် သုံးချက်ကို ရည်ရွယ်၍ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ချေးငွေနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများ ထက်သက်သာသော အတိုးနှုန်းထားဖြင့် နိုင်ငံတော်က ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း၊ **MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ချေးငွေများ ထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိ**ကြောင်း၊ **ကော်ဖီစိုက်ပျိုးရေး လုပ်ငန်းများအတွက်လည်း ထိုက်သင့်သည့်အတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်**ကြောင်း။

မိမိတို့အနေဖြင့် ပြည်ပမှ စက်သုံးဆီနှင့် စားသုံးဆီများ နှစ်စဉ်တင်သွင်းနေရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စက်သုံးဆီနှင့် ဓာတ်မြေဩဇာများကို ပြည်ပမှ တင်သွင်းရခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ ဓာတ်မြေဩဇာများ လုံလောက်စွာထုတ်လုပ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝမြေဩဇာများ အသုံးပြုရန်လည်း တိုက်တွန်းလိုကြောင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိအနေဖြင့် တတ်နိုင်သမျှကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက အမျိုးသားကန်တော်ကြီး ဥယျာဉ်ဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နေ့လယ်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် ဥယျာဉ်မှတာဝန်ရှိသူများက အမျိုးသားကန်တော်ကြီး ဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ ဥယျာဉ်အတွင်းရှိ ရေကန်များ၌ သစ်ပင်သစ်တောများ ပြုန်းတီးခြင်းကြောင့် ရေအရင်းအမြစ်များ အားနည်းလာခြင်း၊ သဘာဝရေထွက်များမှရေထွက်ရှိမှုမရှိခြင်း၊ ဒေသတွင်း အပူချိန်နှုန်းထားမြင့်မားလာခြင်း၊ ရေဝင်ပေါက်များမှ ရေဝင်ရောက်မှုအားနည်းခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခန်းခြောက်မှုများ ကြုံတွေ့ခဲ့ရသည့် အခြေအနေများ၊ ထိုသို့ကြုံတွေ့ခဲ့ရမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ်အတွင်း လာရောက်ခဲ့သည့်ခရီးစဉ် လမ်းညွှန်ချက်နှင့်အညီ ကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ရေကန်များသို့ရေဝင်ရောက်သည့် ရေဝင်ပေါက်များ၊ စိမ့်စမ်းနေရာများ၊ မြေအောက်ရေနုတ်မြောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ၊ ရေလမ်းကြောင်းထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့မှုကြောင့် ရေဝင်ပေါက်များမှ ရေများပြန်လည်စီးဝင်လျက်ရှိသည့်အခြေအနေများ၊ ဥယျာဉ်သန့်ရှင်းသာယာလှပရေးအတွက် ဥယျာဉ်ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ၁၅ ကြိမ်မြောက် ပန်းပွဲတော်ကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

> **အပန်းဖြေစခန်းအတွင်း ရေတံခွန် သုံးခုရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံး LED မှန်တံတားကိုလည်း ကမ္ဘာ့အဆင့်မီစွာဖြင့် ထည့်သွင်းဆောက်လုပ်ထားကာ မှန်တံတားအောက်ခြေရှုခင်းများကို ရင်ခုန်စိတ်လှုပ်ရှားစွာခံစားနိုင်မည်ဖြစ်၊ ပန်းမြို့တော်၊ ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ ပန်းမျိုးစုံကိုစိုက်ပျိုးထားရှိပြီး နှစ်စဉ်ပန်းပွဲတော်များကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်၊ ယခုအခါတွင် အရှည် ၅၅၄ မီတာရှိ Sky Cable ကိုလည်း တည်ဆောက်လျက်ရှိ. . .**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကန်တော်ကြီးဥယျာဉ်သည် ဥယျာဉ်အတွင်းရှိ ကန်များ၌ရေများပြည့်လျှံပြီး သစ်ပင်ပန်းမန်အလှအပများဖြင့် လှပနေသည့်အတွက် ၎င်းရေကန်ကြီးကို အစွဲပြုပြီး ကန်တော်ကြီးဥယျာဉ်ဟုခေါ်ဆိုခြင်းဖြစ်ကြောင်း၊ ဥယျာဉ်၏ အသက်သည် ရေကန်များပင်ဖြစ်ကြောင်း၊ ဥယျာဉ်သို့ လာရောက်လည်ပတ်သူများကို အဓိကဆွဲဆောင်ထားသည့်ရေကန်များ သာယာလှပရန်နှင့် ရေကိုစနစ်တကျထိန်းသိမ်းထားရှိမှသာလျှင် လာရောက်လည်ပတ်သူများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ရေဝင်ရောက်ရန်နှင့် ရေကိုထိန်းသိမ်းနိုင်ရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်၍ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

ရေကန်တို့တွင် လူလုပ်ရေကန်နှင့် သဘာဝအလျောက် ဖြစ်ပေါ်နေသည့် ရေကန်ဟူ၍ရှိပြီး ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များသည် နှစ်မျိုးလုံးပေါင်းစပ်ထားရှိသည့် ရေကန်အမျိုးအစားများဖြစ်ကြောင်း၊ ယင်းကို ပန်းခြံများဖြင့် အလှဆင်ထားခြင်းဖြစ်ကြောင်း၊ **ပြင်ဦးလွင်မြို့ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဟု ခေါ်ဆိုကြသည်နှင့်အညီ ဒေသမျိုးရင်းပန်းများ ဥယျာဉ်အတွင်း မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဖူးပွင့်လှပနေစေရေး ဖော်ထုတ်စိုက်ပျိုးကြရမည်ဖြစ်**ကြောင်း၊ **ဒေသမျိုးကိုထိန်းသိမ်းနိုင်ရန်နှင့် နိုင်မာမှုရှိရန် ပန်းသုတေသနပြုကိုလည်း ဆောင်ရွက်ရန်လို**ကြောင်း၊ **ဆယ့်နှစ်လရာသီပတ်လုံး ဖူးပွင့်နိုင်သည့် ပန်းမျိုးစုံရှိသည့်အတွက် ဒေသသို့ လာရောက်သည့် ခရီးသွားအပန်းဖြေသူ ဧည့်သည်များ မည်သည့်အချိန်တွင် လာရောက်သည်ဖြစ်စေ စိတ်ချမ်းသာမှု ရှိစေရေး ပန်းများအမြဲမပြတ် ဖူးပွင့်လှပနေအောင် စီမံဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ပန်းတို့၏ သဘောသည် လူကို လန်းဆန်းစေပြီး ကန်ရေပြင်နှင့် အေးမြလတ်ဆတ်သည့် ရေထု၊ လေထုတို့ဖြင့် မြို့ကို လာရောက်သူများ စိတ်အေးချမ်းမှု ရရှိစေရန် ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ကန်တော်ကြီးဥယျာဉ် စိမ်းလန်းစိုပြည်စေရေး၊ ရေကန်များ ရေဝင်၊ရေထွက်ကောင်းမွန်စေရေး တာဝန်ရှိသူတို့က ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် လို**ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကန်တော်လေး ရေပိုလွှဲတိုးချဲ့တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ အမျိုးသားကန်တော်ကြီး ဥယျာဉ်တော်အတွင်းရှိ ရေကန်များသို့ ယခင်နှစ်ပိုင်းက ရေဝင်ရောက်မှုများ နည်းပါးနေသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလ၊ ၂၀၂၂ ခုနှစ် ဧပြီလတို့အတွင်း ပြင်ဦးလွင်မြို့သို့လာရောက်သည့်ခရီးစဉ်များတွင် ကန်တော်ကြီးရေကန်များ၏ ရေဝေရေလဲကောင်းမွန်စေရေးနှင့် ရေဝင်ရောက်မှုများ များပြားစေရေးအတွက် ဥယျာဉ်တော်အတွင်းနှင့် ရေဝေရေလဲဧရိယာအတွင်းရှိ ညောင်နီရေထွက်အပါအဝင် သဘာဝရေထွက်များကို လိုက်လံကြည့်ရှုလမ်းညွှန်မှာကြားချက်အရ သက်ဆိုင်ရာဌာနများက ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုမှာ ယခင်နှစ်စစ်ဆေးစဉ် ရေလျှောင်ကန်အတွင်း **စာမျက်နှာ ၂၃ သို့**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက ကန်တော်လေး ရေပိုလွှဲတိုးချဲ့တည်ဆောက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Sky Cable တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။**

**စာမျက်နှာ ၂၂ မှအဆက်**

ကန်ရေအနက် ၁၆ ပေသာရှိခဲ့ရာမှ ယခုအခါတွင် ၃၁ ဒသမ ၈ ပေသို့ ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် ကန်အမှတ် ၁ တွင် ရေပြည့်အမှတ် ၆ ပေရှိသည့်အနက် လက်ရှိရေအမှတ် ၆ ဒသမ ၅ ပေ၊ ကန်အမှတ် ၂ တွင် ရေပြည့်အမှတ် ၇ ပေရှိသည့်အနက် လက်ရှိရေအမှတ် ၇ ပေ၊ ကန်အမှတ် ၃ တွင် ရေပြည့်အမှတ် ၁၁ ပေရှိသည့်အနက် လက်ရှိရေအမှတ် ၈ ဒသမ ၈ ပေရှိကြောင်း သိရှိရပြီး ရေအရင်းအမြစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းတွင်လည်း ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောက ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) သမိုင်းအကျဉ်း၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ အများပြည်သူများ လာရောက်အပန်းဖြေမှုအခြေအနေများ၊ တောတွင်းလျှောက်လမ်းများ တိုးချဲ့ရန် ဆောင်ရွက်နေမှုနှင့်Sky Cable တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပန်းဖြေစခန်းအတွင်း ပြည်သူများ စိတ်ချမ်းမြေ့စွာအပန်းဖြေအနားယူနိုင်ရေးအတွက် အမြဲသန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရန်နှင့် တောတွင်းလျှောက်လမ်းများတွင် ရေညှိများကပ်ငြိမှုမရှိစေရေး စနစ်တကျ ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်Sky Cableတည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) အတွင်းလှည့်လည်ကြည့်ရှုကာ လာရောက်အပန်းဖြေအနားယူနေကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့် အလှပြပြကွက်များကို ကြည့်ရှုအားပေးကာ အစာကျွေးကြပြီး ချီးမြှင့်ငွေများပေးအပ်သည်။ ၎င်းနောက် ရေတံခွန်သို့ လာရောက်လည်ပတ်အပန်းဖြေသူများ သဘာဝတောတွင်းအလှအပများကို လှည့်လည်ကြည့်ရှုနိုင်ရန် ဖောက်လုပ်ထားသည့် တောတွင်းလျှောက်လမ်းကိုလှည့်လည်ကြည့်ရှုပြီး Sky Cable ဆင်းသက်မည့်နေရာ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ပွဲကောက်ရေတံခွန်သည် ယခင်က စနစ်ကျသည့်အကွက်ချမှုမရှိခြင်း၊ ဈေးဆိုင်ခန်းများ များပြားလာခြင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ သစ်ပင်များခုတ်လှဲခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လာခဲ့**ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအရ အဆင့်မြှင့်တင် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေတံခွန်အတွင်း ရေသန့်စင်စေရေး သဘာဝရေသန့်စင်စနစ်ကို အသုံးပြုထားသဖြင့် ရေကစားလိုသူများ အနေဖြင့်လည်း သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်စွာရေကစားမှုပြုနိုင်မည်ဖြစ်ကြောင်း၊ **အပန်းဖြေစခန်းအတွင်း ရေတံခွန်သုံးခုရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံးLED မှန်တံတားကိုလည်း ကမ္ဘာ့အဆင့်မီစွာဖြင့် ထည့်သွင်းဆောက်လုပ်ထားကာ မှန်တံတား အောက်ခြေရှုခင်းများကို ရင်ခုန်စိတ်လှုပ်ရှားစွာ ခံစားနိုင်မည်ဖြစ်**ကြောင်း၊ **ပန်းမြို့တော်၊ ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ ပန်းမျိုးစုံကို စိုက်ပျိုးထားရှိပြီး နှစ်စဉ်ပန်းပွဲတော်များကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်**ကြောင်း၊ လာရောက်လည်ပတ်သူများ စိတ်အပန်းပြေစေရန် ရည်ရွယ်၍ အဆင့်မြှင့်တင်ဆောင်ရွက်ထားပြီး မှန်တံတား၊ ကြိုးတံတားများအပြင် log house၊ coffee shop၊ တောတွင်းလျှောက်လမ်းများ၊ အပန်းဖြေနေရာများ၊ ကလေးကစားကွင်းများ စသည်တို့ကို ပြည့်စုံအောင်ထည့်သွင်း အဆင့်မြှင့်တင်ထားရှိသည့်အပြင် **ယခုအခါတွင် အရှည် ၅၅၄ မီတာရှိ Sky Cable ကိုလည်း တည်ဆောက်လျက်ရှိ**ပြီး မကြာမီအချိန်အတွင်းဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့် အလှပြ ပြကွက်များကို ကြည့်ရှုအားပေးစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆင်ကလေးများကို အစာကျွေးစဉ်။**

# တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးရုံတက် လူနာများအား အာဟာရဖြည့်စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ(ခုတင်-၃၀၀)၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ချင်းပြည်နယ် ဟားခါးမြို့ရှိ ပြည်သူ့ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ ဖျော်ဖြေရေးအဖွဲ့များ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက သွားရောက်ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ၏ နယ်စပ်နယ်မြေအသီးသီးတွင် မိဝေးဖဝေးနှင့် မိသားစုဝေးကွာစွာဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို နေ့မအား ညမနားထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ တဒင်္ဂခေတ္တခဏမျှ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်နှင့် ဘဝအမောများ ပြေပျောက်စေရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ ဖျော်ဖြေရေးအဖွဲ့သူ၊အဖွဲ့သားများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက ကျောပိုးအိတ်ဖျော်ဖြေရေးအဖွဲ့ငယ်များ ဖွဲ့စည်းကာ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများသို့ မိသားစုများ၏ကိုယ်စား ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် အလှည့်ကျသွားရောက်ဂုဏ်ပြုဖျော်ဖြေသီဆို ကပြလျက်ရှိသည်။

ထိုသို့ ရှေ့တန်းစခန်းများရှိ တပ်မတော်သားများ၊ နယ်ခြားစောင့်တပ်ဖွဲ့များအား သွားရောက်ဂုဏ်ပြုသီဆိုကပြဖျော်ဖြေလျက်ရှိရာ ဒီဇင်ဘာ ၁ ရက်နှင့် ယနေ့တို့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ ရှေ့တန်းစခန်းများသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ ဖျော်ဖြေရေးအဖွဲ့သူ၊အဖွဲ့သားများ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက ခေတ်ပေါ်တေးသီချင်းများ၊ ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ ရှေ့တန်းစခန်းများရှိ တပ်မတော်သားများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များက လုံခြုံရေးအရအလှည့်ကျစနစ်ဖြင့် စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် ဖျော်ဖြေမှုအပေါ် ဝမ်းသာပီတိဖြစ်စွာနှင့် ရှေ့တန်းအရောက် လာရောက်ဖျော်ဖြေပေးကြသူများကို မိမိတို့ချွေးနဲ့စာဖြင့် ရရှိသည့်လစာအချို့မှ စုပေါင်း၍ ဂုဏ်ပြုဆုငွေများလည်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ စစ်သည်၊ စစ်သမီးများ ရှေ့တန်းတစ်နေရာ၌ ဖျော်ဖြေနေစဉ်။



MRTV မှ ဖျော်ဖြေရေးအဖွဲ့သူ၊အဖွဲ့သားများ ရှေ့တန်းတစ်နေရာတွင် တပ်မတော်သားများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံ။

# မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် တောင်တွင်းကြီး - ကျောက်ပန်းတောင်း - ပုဂံ RBE ရထားပြေးဆွဲပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများပြေးဆွဲပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ခရီးသွားလာမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များ Standard Operating Procedure (SOP) လမ်းညွှန်ချက်နှင့်အညီ တိုးမြှင့်ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိသည်။

တောင်တွင်းကြီး-နတ်မောက်-ကျောက်ပန်းတောင်းနှင့် ပုဂံဒေသများတွင်နေထိုင်ကြသော ပြည်သူများခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် အမှတ်(၁၀၇)အဆန်၊ အမှတ်(၁၀၈)အစုန် ပုဂံ - တောင်တွင်းကြီး - ပုဂံလူစီးရထားကို ဒီဇင်ဘာ ၁ ရက်မှစ၍ နေ့စဉ်ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။ အမှတ်(၁၀၈)အစုန်ရထားသည် ပုဂံဘူတာမှ နံနက် ၆ နာရီခွဲတွင်ထွက်ခွာ၍ တောင်တွင်းကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီ ၃၅မိနစ်တွင် လည်းကောင်း၊ အမှတ်(၁၀၇)အဆန်ရထားသည် တောင်တွင်းကြီးဘူတာမှ မွန်းလွဲ ၁နာရီခွဲတွင်ထွက်ခွာ၍ ပုဂံဘူတာသို့ ည ၇ နာရီ မိနစ် ၄၀ တွင်လည်းကောင်း အသီးသီးထွက်ခွာ၊ ဆိုက်ရောက်မည်ဖြစ်ကြောင်းနှင့် လမ်းခရီးတွင် ဘူတာ ၁၇ ဘူတာရပ်တန့်ပေးကာ ခရီးစဉ်အစအဆုံး တစ်ဦးလျှင် ငွေကျပ် ၄၇၀၀ ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်၊ ပျဉ်းမနားမှ ခရီးသွားပြည်သူများအနေဖြင့် ပုဂံဒေသသို့သွားရောက်လိုပါက ပျဉ်းမနားဘူတာမှ နေ့စဉ် နံနက် ၆နာရီခွဲတွင်စတင်ထွက်ခွာပြီး တောင်တွင်းကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ဆိုက်ရောက်မည့် အမှတ်(၁၀၃)အဆန် ရထားဖြင့်လိုက်ပါ၍ တောင်တွင်းကြီးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် စတင်ထွက်ခွာမည့် အမှတ်(၁၀၇) အဆန်ရထားဖြင့် ဆက်လက်ချိတ်ဆက်စီးနင်းလိုက်ပါနိုင်ရန်နှင့် ပုဂံမှ လိုက်ပါလာသော ခရီးသည်များအနေဖြင့်လည်း တောင်တွင်းကြီးဘူတာမှ မွန်းလွဲ ၂ နာရီခွဲတွင် ထွက်ခွာသည့် အမှတ်(၁၀၄) အစုန်ရထားဖြင့် ပျဉ်းမနားဘူတာသို့ ဆက်လက်ချိတ်ဆက် စီးနင်းလိုက်ပါနိုင်ရန် ရထားများ ရောက်ရှိ၊ ထွက်ခွာချိန်များကို အပြန်အလှန်ချိတ်ဆက်၍ ရထားကူးပြောင်းစီးနင်းလိုက်ပါနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ခရီးသည်စီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားတွဲဆိုင်းများပိုမိုချိတ်ဆက်ခြင်း၊ ရထားအစီးရေ တိုးမြှင့်ခြင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ခရီးသွားမိဘပြည်သူများ လုံခြုံစိတ်ချစွာလိုက်ပါစီးနင်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိ



သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာတို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂**

ကရင်ပြည်နယ်အတွင်းရှိ ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်တို့ကို KNU၊ KNLA မှ အကြမ်းဖက်မှုကိုလိုလားသောအဖွဲ့၊ NUG အဖွဲ့နှင့် ၎င်း၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ယခုနှစ်မေလမှစတင်ထိန်းချုပ်၍ အဆိုပါဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းများကြောင့် ဒေသခံတိုင်းရင်းသားများ အနေဖြင့် ဘေးလွတ်ရာနေရာများသို့ခေတ္တထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါဒေသတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများကို ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့်လည်းကောင်း၊အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာစကားများဖြင့်လည်းကောင်း အသိပေးနှိုးဆော်၍ ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် အေးချမ်းစွာပြန်လည်နေထိုင်လိုသည့်ခေတ္တထွက်ပြေးတိမ်းရှောင်နေသည့် ဒေသခံတိုင်းရင်းသားများမှာ ဝမ်းသာအားရဖြင့် ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင် သေဘောဘိုးကျေးရွာသို့ အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၃၂ ဦး၊ ဘလက်ဒိုကျေးရွာသို့ အမျိုးသား ၄၆ ဦး၊ အမျိုးသမီး ၅၂ ဦး၊ ထပ်မံဝင်ရောက်လာခဲ့ပြီး နိုဝင်ဘာ ၂၈ ရက်မှ ယနေ့ထိ သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာတို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသား အမျိုးသား ၂၉၁ ဦး၊ အမျိုးသမီး ၃၀၈ ဦး စုစုပေါင်း ၅၉၉ ဦးရှိပြီဖြစ်ကြောင်းသိရသည်။

အဆိုပါပြန်လည်ဝင်ရောက်လာသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက နေ့ညမပြတ်ပြန်လည်ကြိုဆို၍ စနစ်တကျလက်ခံလျက်ရှိပြီး ဆန်နှင့်စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# သက်နှင်းညီနောင်မှ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များသို့ သွယ်တန်းထားသည့် ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ်(၄၅၊ ၄၆၊ ၄၇)တို့ကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂**

CRPH နှင့် NUG အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများ မရှိစေရေးတို့အတွက် စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူနှင့် သက်ဆိုင်သောအဆောက်အအုံများကို နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၃၀ ရက်တွင် သက်နှင်းညီနောင်မှ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့သို့ သွယ်တန်းထားသည့် ၆၆ ကေဗွီမဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ် (၄၅၊ ၄၆၊ ၄၇)တို့ကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင်များ ထိပ်ပိုင်းကျိုးပဲ့ပျက်စီးခြင်းနှင့် လဲကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များအား ကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



သက်နှင်းညီနောင်မှ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့သို့ သွယ်တန်းထားသည့် ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ်(၄၅) ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။



သက်နှင်းညီနောင်မှ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့သို့ သွယ်တန်းထားသည့် ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ်(၄၆) ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။



သက်နှင်းညီနောင်မှ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့သို့ သွယ်တန်းထားသည့် ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ်(၄၇) ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၂) ရပ်ကွက်နေ ရာဇာအောင်(ခ)အောင်အောင်သည် ၎င်းအသုံးပြုသည့် "Yar Zar Aung" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

# ဒီဇင်ဘာ ၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၂၀ တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၂၈၁ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၈၀၀ ဦး |

**နေပြည်တော် ဒီဇင်ဘာ ၂**

ဒီဇင်ဘာ ၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၉၇၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၂၀ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# မော်လမြိုင်ကျွန်းမြို့နယ်တွင် မုန်တိုင်းကြောင့်ယာယီရပ်နားခဲ့သည့် ပင်လယ်ကျားဖောင်လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေ



**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် မုန်တိုင်းကြောင့် ယာယီရပ်နားခဲ့သည့် ပင်လယ်ကျားဖောင်လုပ်ငန်းများကို ယနေ့တွင်ပြန်လည်လုပ်ကိုင်နေပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ပင်လယ်ကျားဖောင်ဦးစီးမှူး ဦးထွန်းထွန်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့် နိုဝင်ဘာ ဒုတိယပတ်က ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းကြောင့် ပင်လယ်ကျားဖောင်လုပ်ငန်းကို ယာယီရပ်နားခဲ့ကြောင်း၊ ယခုအခါ သဘာဝဘေးအန္တရာယ် ကင်းရှင်းသွားပြီဖြစ်သည့်အတွက် ယာယီရပ်နားခဲ့သည့် ပင်လယ်ကျားဖောင်ငါးဖမ်းလုပ်ငန်းများကို ယနေ့မှစ၍ ပြန်လည်လုပ်ကိုင် နေခြင်းဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်မှာ မုန်တိုင်းကိုရှောင်တိမ်းဖို့ နိုဝင်ဘာ ၁၉ ရက်ကနေ ပင်လယ်ကျားဖောင်ငါးဖမ်းလုပ်ငန်းတွေကို ယာယီရပ်နားခဲ့တာပါ။ လက်ရှိ ရာသီဥတုသာယာလို့ ပြန်လည်လုပ်ကိုင်နေတာ ဖြစ်ပါတယ်။ ပင်လယ်ကျားဖောင်လုပ်ငန်းက သဘာဝဘေးအန္တရာယ်ကို အဓိကစောင့်ကြည့် လုပ်ကိုင်ရတာပါ။ ဒီလို ငါးဖမ်းလုပ်ငန်းကို ခေတ္တရပ်နားခဲ့ပေမဲ့ လုပ်သားတွေကို ပြန်မလွှတ်ပါဘူး။ လုပ်အားခငွေလဲ နားရက်အတွက် ပုံမှန်အတိုင်း ရှင်းပေးပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ပင်လယ်ကျားဖောင်ဦးစီးမှူး ဦးထွန်းထွန်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပင်လယ် ကျားဖောင်လုပ်ငန်းကို ဘင်္ဂလားကြီး၊ ရေတွင်းကုန်း၊ လေးဂွကြီး၊ ပန်းဖူးချောင်း၊ နတ်မူး၊ မြစ်ကလေးတန်း၊ မဘော၊ ရွာလယ်ချောင်း စသည့် ကျေးရွာများက အများဆုံး လုပ်ကိုင်ကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပွင့်ဖြူမြို့နယ် ဖလံတောကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဖလံတောကျေးရွာ၌ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဖလံတောကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၄၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်းနှင့် ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်း မြေနီ ကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁ သိန်း စုစုပေါင်းငွေကျပ် ၁၁၁ သိန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် စက်တင်ဘာ ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**ခင်မာ**

# မကွေးမြို့နယ် ကံပြား(န)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မကွေး ဒီဇင်ဘာ ၂**

မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကံပြား(န) ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့်တာဝန်ရှိသူများက ကံပြား(န)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းမပြုရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကိုစနစ်တကျ ထိန်းသိမ်းရန် မှာကြားသည်။



မကွေးမြို့နယ် ကံပြားကျေးရွာအုပ်စု ကံပြား(န) ကျေးရွာတွင်း လမ်း အရှည်ပေ ၁၄၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၉ ဒသမ ၀၃ သန်း၊ စုစုပေါင်းငွေကျပ် ၂၉ ဒသမ ၀၃ သန်းဖြင့် မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကစီမံခန့်ခွဲပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးထံမှ သိရသည်။ **အထွေး**

# ပုသိမ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်

**ပုသိမ် ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုသိမ်မြို့နယ် အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ပုသိမ်မြို့နယ် အစိုးရနည်းပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပုသိမ်မြို့နယ် အစိုးရနည်းပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအေးမင်းထွန်းက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်-၂ ဦးစိုးပိုင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ ပုသိမ်မြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၃၀ တက်ရောက်ကြပြီး သင်တန်းကို ပုသိမ်မြို့နယ် အစိုးရနည်းပညာအထက်တန်းကျောင်းမှ ကျွမ်းကျင်နည်းပြများက ဒီဇင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးနိုင်ထံမှ သိရသည်။

**သံသာ**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၉၅၉ ဧက စိုက်ပျိုးပြီးစီး

**မော်လိုက် ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၉၅၉ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ဆောင်းနေကြာ ၈၆၇၁ ဧကစိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၉၅၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မော်လိုက်ခရိုင်မှာ ဆောင်းနေကြာဧက ၈၀၀၀ ကျော် စိုက်ဖို့ လျာထားတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပြီးပြီ။ ဒီနှစ် ဆောင်းနေကြာကို တိုးချဲ့စိုက်ပျိုးသွားဖို့၊ အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ အခုလက်ရှိ ဆီထွက်သီးနှံတိုးချဲ့ စိုက်ပျိုးရေးအစီအစဉ်အရ ဆောင်းနေကြာမျိုးစေ့ ပံ့ပိုးပေးနေတယ်။ အရင် စိုက်ပျိုးခဲ့ကြတဲ့ နေကြာမျိုးဟောင်းတွေက အထွက်နှုန်းလဲ နည်းသလို ဆီထွက်လဲ နည်းပါတယ်။ အခု ပံ့ပိုးပေးတဲ့ နေကြာမျိုးတွေက အထွက်ကောင်းမျိုးတွေ ဖြစ်တဲ့အတွက် တစ်ဧကအထွက်နှုန်းမှာလဲကောင်းသလို ဆီထွက်နှုန်းမှာလဲ ပိုမိုကောင်းမွန်လို့တောင်သူတွေအနေနဲ့ ဒီလိုမျိုးကောင်း၊ မျိုးသန့်မျိုးစေ့တွေကို ဆက်လက်ထိန်းသိမ်းထားပြီး တောင်သူအချင်းချင်း မျိုးဖြန့်ဝေပေးဖို့လိုအပ်ပါတယ်"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် ဆောင်းနေကြာ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၂၁၅၇ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၁၈၀၂ ဧကဖြစ်ကြောင်း၊ ယခု ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ဆောင်းနေကြာလျာထားမှု အနေဖြင့် မော်လိုက်မြို့နယ်တွင် ၅၈၈၅ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၂၇၈၆ ဧကတို့ဖြစ်ကြောင်း သိရသည်။

(၂၀၆)

ချိန်ခါမရွေး သတိပေး
မီးဘေးကင်းဝေးမှာ

# တနင်္ဂနွေနေ့မှာကစားမဲ့ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွေထဲက နောက်တစ်ဆင့်တက်ရောက်ဖို့ကြိုးစားလာမဲ့ အာဂျင်တီးနား၊ ပြင်သစ်အသင်းတို့ကို ရွေးချယ်ရမှာပါ

ML



လာမဲ့တနင်္ဂနွေနေ့မှာတော့ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်တွေ ပြီးဆုံးသွားတာကြောင့် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ၁၆ သင်းအဆင့်မှာတော့ အသင်းတိုင်းက လျှော့တွက်လို့မရသလို ရေကုန်ရေခန်းကစားကြတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲကောင်းတွေကို တွေ့မြင်ရအုံးမှာပါ။ အုပ်စုတွင်းပွဲစဉ်မှာတော့ ဥရောပက ဘောလုံးအင်အားကြီးအသင်းတွေဖြစ်တဲ့ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်တို့ ထွက်ခွာသွားတာကြောင့် ချန်ပီယံဆုအတွက် အာဂျင်တီးနား၊ ဘရာဇီး၊ ပြင်သစ်၊ စပိန်၊ အင်္ဂလန်တို့လောက်သာ ရှိတော့တာဖြစ်ပြီး ကျန်အသင်းတွေဟာ ချန်ပီယံဆုကိုစိန်ခေါ်ဖို့ လိုအပ်ချက်တွေရှိနေသေးတာဖြစ်ပါတယ်။ ဒါကြောင့် တနင်္ဂနွေနေ့မှာကစားမဲ့ ပွဲစဉ်တွေမှာတော့ အတွေ့အကြုံနဲ့ အစဉ်အလာပိုင်းမှာ အသာရထားတဲ့ အသင်းကြီးတွေကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

## အာဂျင်တီးနားအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့မှာကစားမဲ့ ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အာဂျင်တီးနားနဲ့ သြစတြေးလျအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိကမ္ဘာ့အဆင့်(၃) မှာရပ်တည်နေတဲ့ အာဂျင်တီးနားအသင်းဟာ အခုကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆော်ဒီအာရေဗျ၊ မက္ကဆီကို၊ ပိုလန်တို့နဲ့ တွေ့ဆုံခဲ့ပြီး အုပ်စုချောင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ဆော်ဒီအာရေဗျကို မထင်မှတ်ဘဲ ရှုံးပွဲကြုံခဲ့တာကြောင့် လက်ကျန်ပွဲစဉ်တွေမှာ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် အုပ်စုဒုတိယပွဲစဉ်မှာ ရှုံးလို့မရတော့တာကြောင့် နည်းပြ စကာလိုနီဟာ ကစားပုံပြောင်းလဲခဲ့ပြီး ၄-၃-၂-၁ ကစားကွက်နဲ့ ပွဲထွက်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာတော့ ကစားသမားငါးယောက်ထိ အပြောင်းအလဲပြုလုပ်ခဲ့တာကြောင့် ကစားကွက်ပိုင်း တိုးတက်လာခဲ့ပြီး မက္ကဆီကိုအသင်းကို ဖိအားပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ မက္ကဆီကိုအသင်းရဲ့ တန်ပြန်တိုက်စစ်တွေကို ထိန်းချုပ်နေရတာကြောင့် ပထမပိုင်း ဂိုးမရခဲ့ဘဲ ဒုတိယပိုင်းပွဲချိန် ၆၄ မိနစ်ရောက်မှ တိုက်စစ်မှူး မက်ဆီရဲ့ဦးဆောင်ဂိုးကြောင့် အာဂျင်တီးနားအသင်း မျှော်လင့်ချက်ပြန်လည်ရှင်သန်လာခဲ့သလို ပွဲချိန် ၈၇ မိနစ်အရောက်မှာတော့ အန်ဇိုဖာနန်ဒက်စ်ရဲ့ဂိုးကြောင့် နိုင်ပွဲသေချာသွားခဲ့တာကို တွေ့ရမှာပါ။

အုပ်စုတတိယပွဲစဉ်မှာတော့ အုပ်စုအဆင့်မှာ ကစားသမားစုဖွဲ့မှုကောင်းတဲ့ ပိုလန်အသင်းနဲ့ တွေ့ဆုံခဲ့ပြီး အကြိတ်အနယ်ရှိမယ်လို့ ထင်ခဲ့ရပေမဲ့ ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ တိုက်စစ်မှူး မက်ဆီ ပင်နယ်တီကန်သွင်းခွင့်ရခဲ့ပေမဲ့ ဂိုးသမား ဆစ်ဇနီ လက်စွမ်းပြကာကွယ်နိုင်ခဲ့လို့ ပိုလန်အသင်း သက်သာရာရသွားပေမဲ့ ဒုတိယပိုင်းပွဲချိန် ၄၆ မိနစ်မှာတော့ အယ်လစ်စတာက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်ပိုင်း ပိုလန်အသင်းက ပြန်လည်ဖိအားပေးကစားလာပေမဲ့ အာဂျင်တီးနားရဲ့ တိုက်စစ်ဆင်မှုတွေကြောင့် ခံစစ်ကိုသာ ပြန်လည်အားပြုခဲ့ရပြီး ပွဲချိန် ၆၇ မိနစ်မှာ အယ်ဗာရက်ဇ်က အာဂျင်တီးနားအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူခဲ့တာကြောင့် အုပ်စုသုံးပွဲမှာ နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်နဲ့ အုပ်စုဗိုလ်နဲ့ ရှုံးထွက်အဆင့် တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ သူတို့အသင်းဟာ ကစားသမားစုဖွဲ့မှုနဲ့ အတွေ့အကြုံနည်းပါးတဲ့ သြစတြေးလျနဲ့ တွေ့ဆုံနေတာကြောင့် နိုင်ပွဲရှာဖို့မခက်လောက်ပါဘူး။

အာရှဇုန်က သြစတြေးလျအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို Play-off ပွဲစဉ်တွေကစားပြီး နောက်ဆုံးဝင်ခွင့်ရရှိခဲ့ပေမဲ့ အခုပြိုင်ပွဲမှာတော့ ရှုံးထွက်အဆင့်ကို ပထမဆုံးတက်ရောက်ခဲ့တဲ့ အာရှဇုန်က အသင်းအဖြစ် မှတ်တမ်းဝင်သွားခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အုပ်စု (B) မှာ ပြင်သစ်၊ တူနီးရှား၊ ဒိန်းမတ်တို့နဲ့ အုပ်စုကျပ်အတွင်း ကျရောက်ခဲ့တာဖြစ်ပြီး အဖွင့်ပွဲစဉ်မှာ ပြင်သစ်အသင်းကို လေးဂိုးတစ်ဂိုးနဲ့ ဂိုးပြတ်ရှုံးနိမ့်ခဲ့ပေမဲ့ ကစားပုံက ဆိုးရွားတဲ့အထဲမှာရှိမနေခဲ့ပါဘူး။ အုပ်စုဒုတိယပွဲစဉ်မှာတော့ တူနီးရှားအသင်းကို ၄-၂-၃-၁ ကစားကွက်နဲ့ ယှဉ်ပြိုင်ခဲ့ရာမှာ အပြန်အလှန်ဖိအားပေးမှုတွေ ပြုလုပ်နိုင်ပြီး သူတို့အသင်းရဲ့ အမြင့်ဘောစွမ်းဆောင်ရည်ကို အပြည့်အဝအသုံးချနိုင်ခဲ့တာကြောင့် တိုက်စစ်မှူး ဒူကီက ခေါင်းတိုက်သွင်းဂိုးနဲ့ နိုင်ပွဲရှာနိုင်ခဲ့တာဖြစ်ပါတယ်။

သူတို့အသင်းဟာ ဒိန်းမတ်အသင်းနဲ့ ယှဉ်ပြိုင်ခဲ့ရာမှာလဲ ခံစစ်အသားပေးတဲ့ ၄-၄-၁-၁ ကစားကွက်နဲ့ ပွဲထွက်လာပြီး ဒိန်းမတ်အသင်းရဲ့ဖိအားပေးမှုကို အကောင်းဆုံးကာကွယ်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ ဒိန်းမတ်အသင်းဟာ အနိုင်ရမှ နောက်တစ်ဆင့် တက်ရောက်နိုင်မှာဖြစ်လို့ ဒုတိယပိုင်းမှာ တိုက်စစ်ပိုမိုမြှင့်တင်ခဲ့ချိန်မှာ ခံစစ်ပိုင်းအားနည်းချက်ဖြစ်သွားတာကြောင့် ပွဲချိန် မိနစ် ၆၀ မှာ သြစတြေးလျအသင်းက တန်ပြန်တိုက်စစ်ကနေ ကွင်းလယ်ကစားသမား လက်ခ်ကီက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့လို့ ဒိန်းမတ်အသင်းကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုပွဲစဉ်မှာတော့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အတွေ့အကြုံရင့်ကျက်တဲ့ အာဂျင်တီးနားအသင်းနဲ့တွေ့ဆုံရာမှာတော့ အဘက်ဘက်က နိမ့်ကျသွားတာဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ဖလားချန်ပီယံဖြစ်ဖို့ ပစ်မှတ်ထားနေတဲ့ အာဂျင်တီးနားအသင်းကိုပဲ ရွေးချယ်ရမှာပါ။

### အာဂျင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဂျင်တီးနား | ၃ | - | ၀ | ဂျမေကာ |
| ယူအေအီး | ၀ | - | ၅ | အာဂျင်တီးနား |
| အာဂျင်တီးနား | ၁ | - | ၂ | ဆော်ဒီအာရေဗျ |
| အာဂျင်တီးနား | ၂ | - | ၀ | မက္ကဆီကို |
| ပိုလန် | ၀ | - | ၂ | အာဂျင်တီးနား |

### သြစတြေးလျအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| သြစတြေးလျ | ၁ | - | ၀ | နယူးဇီလန် |
| နယူးဇီလန် | ၂ | - | ၀ | သြစတြေးလျ |
| ပြင်သစ် | ၄ | - | ၁ | သြစတြေးလျ |
| တူနီးရှား | ၀ | - | ၁ | သြစတြေးလျ |
| သြစတြေးလျ | ၁ | - | ၀ | ဒိန်းမတ် |

## ပြင်သစ်အသင်းကိုပဲ အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ကမ္ဘာ့ဖလား ရှုံးထွက်ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ပြင်သစ်နဲ့ ပိုလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ အခုပြိုင်ပွဲမှာ ဆုဖလားရဖို့ ဦးစားပေး (၃) သတ်မှတ်ခံထားတဲ့ အသင်းဖြစ်သလို လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်တဲ့ခြေစွမ်းမျိုးလဲ ပိုင်ဆိုင်ထားတာကို တွေ့ရမှာပါ။ လက်ရှိချန်ပီယံ သူတို့အသင်းဟာ အဓိက ကစားသမားတွေမပါဝင်နိုင်ပေမဲ့ သူတို့နေရာမှာ ပြန်လည်အစားထိုးခဲ့တဲ့ တိုက်စစ်မှူး ဂီရောဒ်၊ ကွင်းလယ်က ဘာဘီယိုစ်နဲ့ ချူအာမန်စီတို့က ခြေစွမ်းပြနိုင်တာကြောင့် ကစားကွက်ပိုင်း ကောင်းနေတာကို တွေ့မြင်ရမှာပါ။

ဒါကြောင့် သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ သြစတြေးလျကို လေးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့သလို အုပ်စုဒုတိယပွဲစဉ်ဖြစ်တဲ့ ဒိန်းမတ်နဲ့ပွဲစဉ်မှာလဲ နည်းပြ ဒက်ချမ့် အားထားရတဲ့ တောင်ပံတိုက်စစ်မှူး အမ်ဘက်ပီက သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့တာကြောင့် နှစ်ဂိုးတစ်ဂိုးနဲ့ ထပ်မံအနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ပြင်သစ်အသင်းရဲ့တိုက်စစ်မှူး အမ်ဘက်ပီဟာ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ တစ်ယောက်ချင်းစွမ်းဆောင်ရည်နဲ့ ပြင်သစ်အသင်းကို ဆုဖလားရရှိအောင် ကူညီပေးနိုင်ခဲ့တာကို သတိပြုရမှာပါ။ ပြင်သစ်အသင်းဟာ အုပ်စုတတိယပွဲစဉ်မှာတော့ တူနီးရှားအသင်းကို တစ်သင်းလုံးလူစားပြောင်းလဲခဲ့ပြီး ပြိုင်ဘက်ကို အခွင့်အရေးတွေပေးခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာတော့ တူနီးရှားအသင်းက တောက်လျှောက်ဖိအားပေးနေပေမဲ့ နည်းပြ ဒက်ချမ့်က လူစားလဲမှုမလုပ်ဘဲ ဒုတိယပိုင်းဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီး မိနစ် ၆၀ ကျော်မှ အဓိက ကစားသမားငါးယောက်ကို လူစားလဲခဲ့တာဟာ အံ့သြစရာကောင်းနေတာဖြစ်ပါတယ်။ နည်းပြ ဒက်ချမ့်ကတော့ အခုပြိုင်ပွဲမှာ ကစားသမားတွေနဲ့ အံဝင်ခွင်ကျမဲ့ ၄-၂-၃-၁ ကစားကွက်ကိုသာ အသုံးပြုလာနိုင်ပေမဲ့ အမ်ဘက်ပီ၊ ဂရစ်ဇ်မန်း၊ ဒမ်ဘီလီတို့ တိုက်စစ်အတွဲကို ပိုလန်အသင်းခံစစ်ပိုင်း မထိန်းချုပ်နိုင်ရင်တော့ ပေးဂိုးများသွားမှာဖြစ်ပါတယ်။

ပိုလန်အသင်းဟာ အုပ်စု (C) မှာ မက္ကဆီကို၊ အာဂျင်တီးနား၊ ဆော်ဒီအာရေဗျတို့နဲ့ တွေ့ဆုံခဲ့ပေမဲ့ အဖွင့်ပွဲစဉ်မှာ မက္ကဆီကိုအသင်းကို ဂိုးမရှိသရေ ရလဒ်ကစားနိုင်ခဲ့တာကြောင့် စိတ်ပိုင်းဆိုင်ရာ မြင့်တက်သွားတာဖြစ်ပါတယ်။ အုပ်စုဒုတိယပွဲစဉ်မှာတော့ အာဂျင်တီးနားကို အနိုင်ရထားတဲ့ ဆော်ဒီအာရေဗျနဲ့တွေ့ဆုံခဲ့ပေမဲ့ ပြိုင်ဘက်ကို ထိန်းချုပ်ပြီး အနိုင်သုံးမှတ်ရယူသွားတာကို တွေ့ရမှာပါ။ အုပ်စုနောက်ဆုံးပွဲစဉ်မှာတော့ အာဂျင်တီးနားနဲ့တွေ့ဆုံခဲ့ရာမှာ သရေတစ်မှတ်ရဖို့ ဦးတည်ခဲ့ပေမဲ့ အာဂျင်တီးနားရဲ့ပွဲချိန်ပြည့် ထိုးဖောက် တိုက်စစ်ဆင်မှုတွေက ပိုလန်အသင်းအတွက် အခက်ခဲဆုံးအချိန်တွေဖြစ်ခဲ့ပြီး ဒုတိယပိုင်းမှာ သွင်းဂိုးနှစ်ဂိုးပေးလိုက်ရပြီး နှစ်ဂိုး ဂိုးမရှိရှုံးခဲ့ပေမဲ့ အခြားတစ်ဖက်က မက္ကဆီကိုက ဆော်ဒီအာရေဗျကို နှစ်ဂိုးတစ်ဂိုးနဲ့သာ အနိုင်ရခဲ့လို့ ဂိုးကွာခြားနဲ့ ပိုလန်အသင်း နောက်တစ်ဆင့် တက်ရောက်ခဲ့တာဖြစ်ပါတယ်။

နည်းပြ ချက်ဇ်လောရဲ့ ပိုလန်အသင်းမှာ လီဝင်ဒေါစကီး၊ ဘီလစ်၊ ဇီလင်စကီး၊ ကိုင်ချိုဝိခ်၊ မက်တီကက်၊ ဆစ်ဇနီတို့လို ခြေစွမ်းပြကစားသမားအနည်းငယ်ကိုသာ ပိုင်ဆိုင်ထားပေမဲ့ အသင်းလိုက်ကစားအားနဲ့ ခံစစ်ကစားပုံကိုတော့ အကောင်းဆုံးတည်ဆောက်နိုင်တာကို တွေ့ရမှာပါ။ ဒါ့ပြင် သူတို့အသင်းကစားကွက်ဟာ တိုက်စစ်မှူး လီဝင်ဒေါစကီးအပေါ် မှီခိုလွန်းနေတာကြောင့် လီဝင်ဒေါစကီးကို ထိန်းချုပ်နိုင်ခဲ့ရင် ပိုလန်အသင်းဂိုးမရသလို ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှုမှာလဲ ပြင်သစ်အသင်းက အနိုင်ရခဲ့သလို ကမ္ဘာ့အဆင့်ရပ်တည်မှုမှာလဲ ကွာဟချက်တွေရှိနေတာကြောင့် လက်ရှိချန်ပီယံဆုကို ကာကွယ်ဖို့ ကြိုးစားလာမဲ့ ပြင်သစ်အသင်းကိုပဲ အားပေးရမှာပါ။

### ပြင်သစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပြင်သစ် | ၂ | - | ၀ | သြစတြီးယား |
| ဒိန်းမတ် | ၂ | - | ၀ | ပြင်သစ် |
| ပြင်သစ် | ၄ | - | ၁ | သြစတြေးလျ |
| ပြင်သစ် | ၂ | - | ၁ | ဒိန်းမတ် |
| တူနီးရှား | ၁ | - | ၀ | ပြင်သစ် |

### ပိုလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝေးလ် | ၀ | - | ၁ | ပိုလန် |
| ပိုလန် | ၁ | - | ၀ | ချီလီ |
| မက္ကဆီကို | ၀ | - | ၀ | ပိုလန် |
| ပိုလန် | ၂ | - | ၀ | ဆော်ဒီအာရေဗျ |
| ပိုလန် | ၀ | - | ၂ | အာဂျင်တီးနား |

# စစ်သည်အစားခန့်ဝန်ထမ်းများခေါ်ယူခြင်း

၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးအပ်ရန် လိုအပ်လျက်ရှိပါသည်-

(က) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ခ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ဂ) ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်(အမျိုးသား/အမျိုးသမီး)

(ဃ) ဂီတတီးမှုတ်သူ/ဂီတ(အမျိုးသား/အမျိုးသမီး)

၂။ အထက်ဖော်ပြပါရာထူးများအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် အသက် ၂၅ နှစ်မကျော်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။ (မှတ်ချက်-အဆို၊ အကပညာရပ်များနှင့် ခေတ်ပေါ်တီးဝိုင်း၊ မြန်မာဆိုင်းဝိုင်းမှ တူရိယာတစ်မျိုးမျိုးတို့အား ကျွမ်းကျင်တတ်မြောက်သူဖြစ်ပါက အသက် ၃၀ နှစ်ထက်မကျော်ရ။)

(ဂ) စစ်မှုထမ်းနှင့် စစ်သည်အစားခန့်ဝန်ထမ်းများအတွက် အနည်းဆုံးပညာအရည်အချင်း လိုအပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) **ဂီတ(ဆိုင်းဝိုင်း)၊ ဂီတ(ခေတ်ပေါ်)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှ ပညာရှင်များပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရာတွင် တူရိယာပစ္စည်းတစ်မျိုးအား သာမန်အဆင့်အထက် တီးမှုတ်နိုင်သူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲ သို့မဟုတ် ဘုတ်အဖွဲ့ဖြင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းကိုအောင်မြင်ရမည်။

(၂) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရွေးချယ်ထားသူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲကိုအောင်မြင်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(စာချုပ်ချုပ်ဆိုဆောင်ရွက်ပါမည်။)

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးကင်းရှင်းသူများဖြစ်ရမည်။

(စ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။

(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဂီတ(ဆိုင်းဝိုင်း)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) သံစဉ်ရှိ သံမှန် ၅ ပေါက်/၆ ပေါက် စသည့်အသံများကိုခွဲခြားသိရမည်။

(၂) မြန်မာနရီစည်း၊ ဝါးလတ်စည်း၊ ကရောင်းစည်း စသဖြင့်ခွဲခြားသိရှိ၍ စည်းဝါးလိုက်နိုင်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားရိုးရိုးပေါ်အောင် တီးတတ်ရမည် သို့မဟုတ် အဆိုဘက်တွင် ဆိုမှုအသံကောင်းမွန်ရမည်။

(၄) ဂီတသင်္ကေတတစ်ကြောင်းသွားကိုဖတ်တတ်ပြီး တီးတတ် သို့မဟုတ် ဆိုတတ်ရမည်။

(ခ) **ဂီတ(ခေတ်ပေါ်)**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) တေးသီချင်းသံစဉ်အသံများကို ခွဲခြားသိရှိရမည်။

(၂) အခြေခံဂီတသင်္ကေတများကိုဖတ်တတ်ပြီး တီးတတ်/ဆိုတတ်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားပေါ်အောင်ဆိုတတ်ရမည်။

(ဂ) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) ဇာတ်သီချင်းများ၊ ဇာတ်စကားများ စသည်တို့ကို လွယ်လွယ်နှင့်ကျက်မှတ်နိုင်ရမည်။

(၂) စည်းကိုက်၊ ဝါးကိုက် သီချင်းဆိုတတ်ရမည်။

(၃) အပြောသွက်လက်၍ သဏ္ဌာန်လုပ်သရုပ်ပေါ်အောင် ပြောဆိုအမူအရာထားတတ်ရမည်။

(၄) ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးကျပြေပြစ်စွာကနိုင်ရမည်၊ အနည်းဆုံး ကဗျာလွတ်အက ၇ မျိုးကပြနိုင်ရမည်။

၄။ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် တာဝန်ပေးအပ်ခြင်းခံရပါက နှစ်စဉ်ပြည်တွင်းရှိနေရာဒေသအသီးသီးသို့ လှည့်လည်ဖျော်ဖြေရသော ဖျော်ဖြေရေးအဖွဲ့များနှင့်လိုက်ပါခရီးသွားနိုင်သူဖြစ်ရမည်။

၅။ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်ခွင့်ရရှိပြီးသူများသည် အောက်ဖော်ပြပါအကျိုးခံစားခွင့်များရရှိမည်-

(က) ဘွဲ့ရစစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်ကြီး(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၉၈,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ခ) ဘွဲ့မရရှိသော စစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၈၀,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ဂ) တာဝန်ထမ်းဆောင်ရမည့်တပ်တွင်နေထိုင်ရန် အဆောက်အဦနှင့် ရေ/မီးစီစဉ်ပေးမည်။

(ဃ) ကျန်းမာရေးနှင့်ပတ်သက်၍ နီးစပ်ရာတပ်မတော်ဆေးရုံများတွင် အခမဲ့ဆေးကုသခွင့်ရှိသည်။

(င) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများဖြစ်ပါက တာဝန်ထမ်းဆောင်စဉ်အတွင်း ဘွဲ့ရရှိနိုင်ရေးအတွက် အဝေးသင်တက္ကသိုလ်တက်ရောက်နိုင်ရန်ခွင့်ပြုပေးမည်။

(စ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အခြားသောအနုပညာဘာသာရပ်များ တိုးတက်မြင့်မားစေရေးအတွက် ကျွမ်းကျင်နည်းပြများနှင့်ထပ်မံ၍ စနစ်တကျ သင်ကြားလေ့ကျင့်ပေးမည်။

၆။ လျှောက်ထားလိုသူများအနေဖြင့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မှော်ဘီမြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို၊ နေပြည်တော်)၊ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရဲမွန်တပ်မြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(အင်းတိုင်၊ ရန်ကုန်မြို့)၊ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ (မန္တလေးမြို့)နှင့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရွှေညောင်မြို့)များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အောက်ပါစာရွက်စာတမ်း ၂ စုံစီအား ၂၆ - ၁၂ - ၂၀၂၂ ရက်အရောက် ပေးပို့လျှောက်ထားရန်နှင့် လူတွေ့စစ်ဆေးမည့်ရက်/အချိန်/နေရာတို့ကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်သည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် မြို့နယ်/ရပ်ကွက်အတွင်းနေထိုင်ကြောင်းထောက်ခံချက်

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်

(စ) ပညာအရည်အချင်းအတွက် ဘွဲ့ရရှိသူများအနေဖြင့် ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာမိတ္တူနှင့် ဘွဲ့မရရှိသူများအနေဖြင့် သက်ဆိုင်ရာကျောင်းများမှထောက်ခံချက်

(ဆ) မိဘ/ဆွေမျိုးများ၏ သဘောတူညီကြောင်းထောက်ခံချက်

(ဇ) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂ ကြိမ်ထိုးနှံပြီးကြောင်းအထောက်အထား

(ဈ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့(စ်)အရွယ် ကာလာဓာတ်ပုံ ၆ ပုံ။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ၊ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ကုန်တင်ယာဉ်/ခေါက်တိုယာဉ်များနှင့် ကုန်ဂိတ်များ မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပြေးဆွဲဖွင့်လှစ်လျက်ရှိသော မန္တလေးမြို့အခြေစိုက် ကုန်တင်ယာဉ်များ၊ ခေါက်တိုယာဉ်များနှင့် ကုန်စည်ဂိတ်များသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ် လုပ်ငန်းယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေအရ တိုင်းဒေသကြီး (ကုန်တင်ယာဉ်/ခေါက်တိုယာဉ်) ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီတွင် နှစ်စဉ် မှတ်ပုံတင်ကြရမည်ဖြစ်ပါသည်။

**၂၀၂၃ ခုနှစ်**တွင် ကုန်တင်ယာဉ်များ၊ ခေါက်တိုယာဉ်များနှင့် ကုန်စည်ဂိတ်များသည် တိုင်းဒေသကြီး(ကုန်တင်ယာဉ်/ခေါက်တိုယာဉ်)ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံး၊ အမရပူရမြို့နယ်၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း(စွယ်တော်)၊ အခန်းအမှတ်(MM-5)သို့ (၂၆-၁၂-၂၀၂၂) ရက်နေ့မှစ၍ လာရောက် မှတ်ပုံတင်ကြပါရန်နှင့် ရုံးသို့လာရောက်ရန်အခက်အခဲရှိသည့် ယာဉ်ပိုင်ရှင်များအနေဖြင့် ကော်မတီ၏ ကွင်းစစ်ဆေးရေးစခန်းများတွင်လည်း ဝင်ရောက်မှတ်ပုံတင်နိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး**
**ကုန်တင်ယာဉ်/ခေါက်တိုယာဉ်**
**ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ**
**မန္တလေးမြို့**

## ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၇၀၀ စိုက်ပျိုးပြီးစီး



ယခုနှစ် မိုးငရုတ်သီးနှံစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၇၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၃၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ငရုတ်ဧက ၇၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ပန်းမုန်လာ၊ မုန်ညင်း၊ မုန်လာဥ၊ ဆလတ်၊ ခရမ်း၊ ငရုတ် စတဲ့သီးနှံတွေကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြတယ်။ အဲဒီလို စားဖိုဆောင်သီးနှံတွေထဲမှာ ငရုတ်သီးနှံစိုက်ပျိုးရေးလုပ်ငန်းအနေနဲ့ ၁၃၄၂ ဧကလျာထားစိုက်ပျိုးနေပါတယ်။ ငရုတ်သီးနှံက ဈေးကွက်ရှိတဲ့အတွက် တောင်သူတွေက အားထားစိုက်ပျိုးလာကြတယ်။ တောင်သူတွေ အများဆုံးစိုက်ပျိုးတဲ့ ငရုတ်မျိုးကတော့ သာမိ-၁၁ စိုက်ပျိုးကြပါတယ်။ တောင်သူတွေကိုလဲ စားဖိုဆောင်သီးနှံစိုက်ပျိုးရာမှာ အခက်အခဲမရှိအောင် GAP စိုက်ပျိုးရေးနည်းစနစ်တွေနဲ့ သွင်းအားစုပစ္စည်း အသုံးပြုပုံနည်းစနစ်တွေကို တောင်သူပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်။ ငရုတ်စိုက်ပျိုးပြီးစီးမှုအနေနဲ့ ဧက ၇၀၀ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေအပြင် မုန်းချောင်းရေနှင့် မြေအောက်ရေတို့ပါ စိုက်ပျိုးရေးအဆင်ပြေစွာ ရယူသုံးစွဲနိုင်သည့်အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့စိုက်ပျိုးလုပ်ကိုင်ရာ၌ သီးနှံအမျိုးအစားအလိုက် အထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အခြေခံစိုက်ပျိုးရေးနည်းပညာများနှင့် သွင်းအားစုပစ္စည်းသုံးစွဲပုံအဆင့်ဆင့်ကို တောင်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**




ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။


**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

## ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးစပါးမျိုးကောင်းမျိုးသန့်စံပြစိုက်ကွက်နှင့် တင်း ၁၀၀ စီမံချက်စိုက်ကွက်များ ရိတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်နေ



**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂**

ရေဝတီတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီက စိုက်ခဲ့သည့် မျိုးကောင်းမျိုးသန့်စံပြစိုက်ကွက်နှင့် တင်း ၁၀၀ စီမံချက်စိုက်ကွက်များ ပြန်လည်ရိတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်နေကြောင်း ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ ကျောက်ပန်းတောင်းမြို့နယ်တွင် စပါးတစ်ဧကပျမ်းမျှတင်း ၁၀၀ ထိထွက်ရှိစေရေး ဧက ၁၀၀ စီမံချက် စိုက်ကွက်နှင့် မျိုးကောင်းမျိုးသန့်စံပြစိုက်ကွက် ၂၃၇ ဧက စုစုပေါင်း ၃၃၇ ဧကကို ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ မိုးစပါး ၃၃၇ ဧကကို နိုဝင်ဘာလ တတိယပတ်တွင် ပြန်လည်ရိတ်သိမ်းလျက်ရှိပြီး စပါးတစ်ဧကချင်း အထွက်နှုန်းကောင်းမွန်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့မိုးစပါးစိုက်ပျိုးရာသီက တစ်ဧကကို စပါးတင်း ၁၀၀ ထိ ထွက်ရှိစေဖို့ ဧက ၁၀၀ စီမံချက်ချပြီး စိုက်ပျိုးခဲ့ပါတယ်။ မျိုးကောင်းမျိုးသန့်စပါးတွေ များများထုတ်လုပ်နိုင်ဖို့ကိုလဲ ရည်မှန်းချက်ထားပြီး မျိုးကောင်းမျိုးသန့် ၂၃၇ ဧက စိုက်ပျိုးခဲ့တယ်။ ဒီဇင်ဘာ ၁ ရက်ထိ တင်း ၁၀၀ စီမံချက်ကော၊ မျိုးကောင်းမျိုးသန့်စံပြစိုက်ကွက်ပါ ပြန်လည်ရိတ်သိမ်းနေပြီဖြစ်တယ်။ မိုးစပါးတွေကို အခက်အခဲမရှိစိုက်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေ အဓိကလိုအပ်ချက်ဖြစ်တဲ့ နည်းပညာတွေကို မြေပြင်ထိကွင်းဆင်းပြီး ဆောင်ရွက်ပို့ချပေးခဲ့တယ်။ ဒါ့ပြင် တောင်သူတွေ စပါးစိုက်ရာမှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ ကွန်ပေါင်းမြေဩဇာတွေကိုလဲ အခက်အခဲမရှိစေရန် အခမဲ့ပံ့ပိုးပေးခဲ့တယ်။ မျိုးစေ့တွေကိုလဲ အခမဲ့ပံ့ပိုးပေးခဲ့တယ်။ ဒါကြောင့် စိုက်ကွက်တွေ ပြန်လည်ရိတ်သိမ်းဆောင်ရွက်တဲ့အချိန် အထွက်နှုန်းကောင်းနေတာပါ"ဟု ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးခဲ့သည့်အချိန်က ဈေးကွက်ဝင် စပါးအမျိုးအစားများဖြစ်သည့် ဧရာဘီ-၃ စပါးနှင့်ဆင်းသုခ စပါးအမျိုးအစားနှစ်မျိုးအများဆုံး စိုက်ပျိုးခဲ့ကြောင်း၊ လက်ရှိ ပြန်လည်ရိတ်သိမ်းချိန်တွင် စပါးတစ်ဧကပျမ်းမျှ ၉၇ တင်းထိထွက်ရှိလာပြီး ယခင်နှစ်က စပါးတစ်ဧက ပျမ်းမျှတင်း ၉၀ ထိသာ ထွက်ရှိခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## မင်းတုန်းမြို့နယ် လယ်ပုပြားကျေးရွာ၌ ကျေးရွာအဝင်ကွန်ကရစ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မင်းတုန်း ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လယ်ပုပြားကျေးရွာ၌ ကျေးရွာအဝင်ကွန်ကရစ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခိုင်ဟေမာကျော်နှင့် တာဝန်ရှိသူများက မင်းတုန်းမြို့နယ် ပုသိမ်-မုံရွာကားလမ်းမကြီးမှ လယ်ပုပြားကျေးရွာအဝင်လမ်းမြေနီခင်းခြင်း၊ ကျောက်ချောခင်းခြင်းနှင့် ကွန်ကရစ်လမ်းဖောက်လုပ်မှုလုပ်ငန်းများ အဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တာဝန်ခံအင်ဂျင်နီယာက သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ လယ်ပုပြားကျေးရွာအဝင်လမ်းအရှည် ခြောက်ဖာလုံကို အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မ မြေနီ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မကျောက်ချော၊ အကျယ် ၁၄ ပေ၊ အမြင့် ခုနစ်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၈၅ ဒသမ ၂ သန်းဖြင့် ကျော်လင်းတိုးကုမ္ပဏီက ဇူလိုင်လမှစတင်ကာ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လယ်ပုပြားကျေးရွာအဝင် ကွန်ကရစ်လမ်းဖောက်လုပ်ခြင်း ဆောင်ရွက်ပြီးစီးပါက လယ်ပုပြား၊ မြုံးဝ (တောင်)၊ မြုံးဝ(မြောက်) ကျေးရွာ သုံးရွာရှိ အိမ်ခြေ ၃၈၆ အိမ်၊ လူဦးရေ ၁၃၆၄ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေသွားမည်ဖြစ်ကြောင်း မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခိုင်ဟေမာကျော်က ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

# မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော
နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉၆၉၁၂၃၀၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

# ဝန်ထမ်းအလိုရှိသည်

**(၁) အရောင်းဝန်ထမ်း အမျိုးသမီး ( ၅ ) ဦး**

**(၂) စာရင်းကိုင် အမျိုးသမီး ( ၂ ) ဦး**

အမှတ်စဉ်(၁) ဘွဲ့ရပြီးဖြစ်ရမည်၊ အသက်(၂၅)နှစ်အောက် အိမ်ထောင်မရှိသူ ဖြစ်ရမည်၊ ပြုံးရွှင်ချိုသာမှုဖြင့် စိတ်သဘောထားပြည့်ဝစွာ ဆက်ဆံနိုင်သူ ဖြစ်ရမည်၊ အရောင်းမြှင့်တင်ရေးတွင် စိတ်ရှည် သွက်လက် ဖျက်ချာပြီး စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူ ဖြစ်ရမည်၊ အကျင့်စာရိတ္တ အထူး ကောင်းမွန်ရမည်၊ မိမိတာဝန် မိမိကျေပွန်စွာ အပြည့်အဝ တာဝန်ယူနိုင်သူဖြစ်ရမည်၊ မိဘနှင့် စိတ်ချရသော ထောက်ခံမှုရှိသူကို ဦးစားပေးမည်၊ ရုပ်ရည်ချောမောပြေပြစ်ရမည်၊ အဆောင်နေထိုင်သူများ လျှောက်ထားရန်မလိုပါ။

အမှတ်စဉ်(၂) ဘွဲ့ရပြီး အသက်(၂၅)နှစ်အောက် အိမ်ထောင်မရှိသူ ဖြစ်ရမည်၊ LCCI LevelI, II & III အောင်မြင်ပြီးသူဖြစ်ရမည်၊ ပြုံးရွှင်ချိုသာစွာဆက်ဆံ၍ လူမှုဆက်ဆံရေး အထူးကောင်းရမည်၊ ရုပ်ရည် ချောမောပြေပြစ်ရမည်၊ အရောင်းဝယ်နှင့်ပတ်သက်၍စိတ်ရှည်သွက်လက်ဖျက်ချာပြီး စိတ်ပါဝင်စားသူဖြစ်ရမည်၊ အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်၊ မိဘနှင့်စိတ်ချရသော ထောက်ခံမှုရှိသူကို ဦးစားပေးမည်၊ တွန်ပျူတာ ကျွမ်းကျင်သူကို ဦးစားပေးမည်၊အဆောင်နေထိုင်သူများ လျှောက်ထားရန်မလိုပါ။

မှတ်ချက်၊ လျှောက်ထားသူများသည် ကိုယ်တစ်ပိုင်းဓါတ်ပုံ၊ အိမ်ထောင်စုဦးရေစာရင်း၊ မှတ်ပုံတင်မိတ္တူ၊ လုပ်ငန်းအတွေ့အကြုံထောက်ခံစာ၊ ရဲစခန်းနှင့်ရပ်ကွက် ထောက်ခံစာ၊ မိဘနှင့်သက်ဆိုင်ရာ ထောက်ခံစာ၊ လျှောက်ထားလိုသော လုပ်ငန်းအတွက် လျှောက်လွှာတို့နှင့်အတူအလုပ်အားအမှန်တကယ်လုပ်ကိုင်လိုသူများလျှောက်ထားရန်၊ (၂၀.၁၂.၂၀၂၂) နေ့ နောက်ဆုံး ရုံးချိန်အတွင်းလာရောက်လျှောက်ထားရန်။

အမှတ် - 249၊ 26-B လမ်း၊ 82nd x 83rd လမ်းကြား၊ တော်ဝင် စိန်တိုက်၊ မန္တလေးမြို့။

## တဟုန်ဖန်

**စန်းဆီးလိုက်ကာ၊ လျှပ်စစ်၊ ရှင်ဟိုင်ရေချိုးခန်းသုံးပစ္စည်း**

၁။ Marketing ကျား (၁၀)ဦး / မ (၄)ဦး
- (က) လိုင်စင်နှင့် ကိုယ်ပိုင်ဆိုင်ကယ်ရှိရမည်။
- လစာ အခြေခံ + %
- အသက် (၃၀)နှစ်အောက်

၂။ တရုတ်စကားပြန် မ (၁)ဦး
- တရုတ်စာ ရေး/ပြောကျွမ်းကျင်
- အသက်(၂၆)နှစ်အောက်
- လစာ အခြေခံ + %

လိပ်စာ- ၆၂လမ်း၊ ၁၁၀ x ၁၁၁

ဖုန်း - 09-402669618 , 09-783249663

## Vansiho Co.,Ltd

## Sky Star Wall Putty Powder

* စာရင်းကိုင်(မ) ၁ ဦး အလိုရှိသည်။ (Junior Accountant)
* Computer ကျွမ်းကျင်စွာကိုင်နိုင်ပြီး Excel, Word ပိုင်နိုင်သူဖြစ်ရမည်။
* စာရင်းပိုင်းကျွမ်းကျင်ပြီး ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
* လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်အထက်ရှိရမည်။
* အိမ်ထောင်မရှိသူဖြစ်ရမည်။
* ဥပုသ်နေ့တိုင်းပိတ်သည်။
* ရုံးချိန်/ 8:30 am (to) 5:00 pm
* မန္တလေးမြို့၊ အမှတ်(က-၃/၇၅) 68(B) (110×111) ချမ်းမြသာစည်မြို့နယ်၊ မြတ်ပညာဘော်ဒါဆောင်အနီး။ → 09-798388388

စာပေ
မြင့်မှ
လူမျိုး
တင့်မည်



**ကိုဗစ် -၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ် -၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။



**ပျောက်ဆုံးကြောင်း**

ငရုတ်ကောင်းမြို့နေ ဖြိုးဝေအောင် (ဘ) ဦးအောင်လွင် (၁၄/ငရက(နိုင်) ၀၀၀၅၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၃၄၇၆၁၃၇

**ပျောက်ဆုံးကြောင်း**

ဟိုင်းကြီးကျွန်းမြို့နေ စာနည်းထွန်း (ဘ) ဦးထွန်းဝင်း (၁၄/ဟကက(နိုင်) ၀၃၃၃၈၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၁၁၇၅၉၁၃

**ပျောက်ဆုံးကြောင်း**

ဟသာတမြို့နေ သန့်ဇင်ဖြိုး (ဘ) ဦးဝင်းချို (၁၄/ဟသတ(နိုင်)၂၄၃၃၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၃၇၅၈၄၂၆

**ပျောက်ဆုံးကြောင်း**

မဟာအောင်မြေမြို့နယ်နေ ဘုန်းအောင် (ဘ) ဦးမော်ဆန်းရှိန် (၉/မဟမ(နိုင်) ၀၅၇၀၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၄၁၃၇၈၃၅

**ပျောက်ဆုံးကြောင်း**

အောင်မြေသာစံမြို့နယ်နေ ဖြူဖွေးသန့် (ဘ) ဦးခင်မောင်ရီ(ခ)ဆရာ့ြာ (၉/အမစ(နိုင်)၁၂၄၃၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

**ပျောက်ဆုံးကြောင်း**

သာပေါင်းမြို့နေ အောင်ကိုလတ် (ဘ) ဦးသိန်းရွှေ (၁၄/သပန(နိုင်)၁၃၇၀၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၀၈၅၁၆၃၆



မီး
သတိပြု

❖ နိုင်ငံတစ်ခုသည် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးအားနှင့် ကာကွယ်ရေးစွမ်းအားကောင်းရန်လို...

❖ စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပပြုလုပ်သည့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုများမှ ကောက်နုတ်ချက်)**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်နှင့် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး စာမျက်နှာ - ၂၂

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများကို ဆွေးနွေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များအား ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများကို ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုးနှင့် ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကော်ဖီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ပြင်ဦးလွင်ဒေသ၌ စိုက်ပျိုးမြေအသုံးချထားရှိမှု၊ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိမှုနှင့် အထွေထွေလိုအပ်ချက်များ တင်ပြဆွေးနွေး**

ဦးစွာ စိုက်ပျိုးရေးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင်ထွန်းက မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိမှု၊ ပြင်ဦးလွင်မြို့နယ်အတွင်း ကော်ဖီနှင့် အခြားသီးနှံများစိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးမြေအသုံးချထားရှိမှုနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ စာမျက်နှာ ၂၀ ကော်လံ ၁ ☆

